
mgyoe.com SAMPLE BOOK



# သမိုင်းပါမောက္ခ တွိုင်ဘီနှင့် ငြင်းခုံခြင်း

မြသန်းတင့်

တတိယအကြိမ်

mgyoe.com

ယဉ်ကျေးမှုကြီးတွေကိုလေ့လာတဲ့အခါမှာ တိုင်ဘီက အဆင့်လေးဆင့်ခွဲပြီး သုံးသပ်သွားပါတယ်။ ပထမအဆင့်က ယဉ်ကျေးမှုရဲ့ မူလဇာစ်မြစ်၊ တစ်နည်းပြောရရင်လည်း ယဉ်ကျေးမှုကြီးတွေ ဘယ်လိုပေါ်ထွန်းလာခဲ့သလဲ ဆိုတဲ့အချက်။ သူက ယဉ်ကျေးမှုကြီးတွေဟာ ရာသီဥတု၊ ရေမြေ၊ သို့မဟုတ် အဲဒီယဉ်ကျေးမှုတွေရဲ့ ဖြစ်ပေါ်မှုအစဉ်ကို အခွင့်သာစေတဲ့ အခြေအနေများကြောင့် ပေါ်ထွန်းလာရတာမဟုတ်ဘူး။
ယဉ်ကျေးမှုကြီးတွေဟာ လူတွေက အခက်အခဲ၊ အတားအဆီးတွေကို ကျော်ဖြတ်လာရာက ပေါ်ထွန်းလာခြင်းဖြစ်တယ်လို့ သူ ယူဆတယ်။

9 248480 505207

mgyoe.com

Cover Design: Maung Day

m g y o e . c o m
SAMPLE BOOK

m g y o e . c o m

mgyoe.com SAMPLE BOOK

ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းတစ်ခုမှာ သမိုင်းအမြင်ရှိဖို့ဟာ အလွန်တန်ဖိုးရှိတဲ့အရာလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ သမိုင်းက မပေးနိုင်တဲ့ အရာကိုတော့ သမိုင်းဆီက မျှော်လင့်နေလို့ မဖြစ်ပါဘူး။ အဲဒီအရာကတော့ တိကျသေချာခြင်းပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၀၆

# သမိုင်းပါမောက္ခတွိုင်ဘီနှင့် ငြင်းခုံခြင်း

မြသန်းတင့်

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅ ၉၄၈၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃။

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**
သမိုင်းပါမောက္ခ တွိုင်ဘီနှင့် ငြင်းခုံခြင်း
မြသန်းတင့်
တတိယအကြိမ်၊ ဩဂုတ်၊ ၂၀၂၄။
ဒုတိယအကြိမ်၊ ဩဂုတ်၊ ၂၀၀၄ (မြနန္ဒာပေ)။
ပထမအကြိမ်၊ ဇွန်၊ ၁၉၉၃ (ယောမင်းကြီးစာပေ)။
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၈၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်း၊နှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး၊ **တွန်ပျူတာစာစီ** သရဖီ၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


– ဘာသာပြန်သူ စကားဦး ၉

၁။ တွိုင်ဘီ၏ ယဉ်ကျေးမှုစနစ်များ ၇

၂။ စိန်ခေါ်မှုနှင့် တုံ့ပြန်မှု သဘောတရား ၁၈

၃။ ရပ်တန့်သွားသော ယဉ်ကျေးမှု ၃၀

၄။ ထွက်တော်မူ နန်းကခွာခန်းနှင့် ပြည်တော်ဝင်ခန်း
(ဆုတ်ခွာမှုနှင့် ပြန်လာမှု သဘောတရား) ၃၆

၅။ တီထွင်မှုအတွက် ဒဏ်ခတ်သော နတ်သမီး
(တိုးတက်မှုအတွက် ဒဏ်ခတ်ခြင်း သဘောတရား) ၅၀

၆။ အနောက်တိုင်းယဉ်ကျေးမှု ဘယ်လဲ ၆၅

၇။ အနောက်တိုင်းယဉ်ကျေးမှု ပြိုကွဲခြင်းအစ ၇၃

၈။ ကျွန်တော်တို့ရဲ့ သမိုင်း
(အမှောင်ခေတ်လား၊ အလင်းခေတ်လား
အပျက်ခေတ်လား၊ အပြုခေတ်လား) ၈၂

၉။ စိန်ခေါ်မှုနှင့် တုံ့ပြန်မှုသဘောတို့နှင့် စပ်လျဉ်း၍
နောက်တစ်ကြိမ် ၉၁

၁၀။ စိတ်ကူးယဉ်ဆန်တဲ့ မြောက်အမေရိက သမိုင်း ၁၀၂


mgyoe.com

mgyoe.com SAMPLE BOOK

၁၁။ တွိုင်ဘီနဲ့ စပင်းဂလား ၁၁၃
၁၂။ ပါမောက္ခ တွိုင်ဘီနှင့်ပတ်သက်၍ နောက်တစ်ကြိမ် ၁၂၂
၁၃။ ပါမောက္ခ တွိုင်ဘီ ဘယ်လဲ ၁၃၄
၁၄။ ပါမောက္ခ တွိုင်ဘီရဲ့ သမိုင်းမဆန်သော သမိုင်းကျမ်း ၁၄၆
၁၅။ စစ်၊ ငြိမ်းချမ်းရေးနှင့် ပါမောက္ခ တွိုင်ဘီ ၁၅၆
၁၆။ သုညတ ကမ္ဘာ၏ ပုရောဟိတ်ကြီးများ ၁၆၅
၁၇။ သုညတ ကမ္ဘာ၏ ပုရောဟိတ်ကြီးများ ၂ ၁၇၈
၁၈။ သုညတ ကမ္ဘာ၏ ပုရောဟိတ်ကြီးများ ၃ ၁၈၇

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ စကားဦး

အောက်ပါ ဆောင်းပါးကို ရေးသားသူဟာ ယူးထရက် တက္ကသိုလ် သမိုင်းပါမောက္ခ ပီတာဂျေး Pieter Geyl ဖြစ်ပါတယ်။ ပါမောက္ခ ပီတာဂျေးဟာ ဒတ်ချ် အမျိုးသား တစ်ယောက်ဖြစ်ပြီး ထင်ရှားတဲ့ သမိုင်းဆရာတစ်ဦး ဖြစ်ပါတယ်။ သူဟာ အင်္ဂလန်ပြည်မှာ အနှစ် နှစ်ဆယ်ခန့် နေထိုင်ခဲ့ပြီး ပထမပိုင်းမှာ ဒတ်ချ် သတင်းစာတစ်စောင်ရဲ့ လန်ဒန်သတင်းထောက်၊ နောက်ပိုင်းမှာ လန်ဒန်တက္ကသိုလ်မှာ ဒတ်ချ် သမိုင်းပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ စစ်အတွင်းတုန်းက သူဟာ နာဇီ အဖမ်းခံခဲ့ရပြီး ဘူခင်ဝေါ အကျဉ်းစခန်းကို အပို့ခံခဲ့ရပါတယ်။ ဒတ်ချ် သမိုင်းကျမ်းများ၊ သမိုင်းနဲ့ပတ်သက်တဲ့ စာတမ်းများစွာကို ရေးသား ပြုစုခဲ့ပါတယ်။ သူ့ရဲ့ အရေးကြီးတဲ့ သမိုင်းကျမ်းတစ်စောင် ကတော့ ‘နပိုလီယန် ထောက်ခံမလား၊ ဆန့်ကျင်မလား’ (Napoleon : for and Against) ဆိုတဲ့ ကျမ်းဖြစ်ပြီး နပို လီယန်နဲ့ ပတ်သက်လို့ ဓမ္မဓိဋ္ဌာန်ကျကျ ဝေဖန် သုံးသပ်ထား တဲ့အတွက် အရေးကြီးတဲ့ ကျမ်းတစ်စောင် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ခု ဆောင်းပါးမှာ ဂျေးက ဗြိတိသျှသမိုင်းဆရာကြီး အားနဲလ်တွိုင်ဘီ Arnold Toynbee ရဲ့ 'သမိုင်းကို လေ့လာခြင်း' A Study of History ဆိုတဲ့ ကျမ်းကြီးထဲက တွိုင်ဘီရဲ့ သမိုင်းအယူအဆကို ဝေဖန် သုံးသပ်ထားတာ တွေ့ရပါလိမ့်မယ်။ တွိုင်ဘီရဲ့ အဲဒီသမိုင်းဟာ အတွဲ ကိုးတွဲ ရှိပြီး သမိုင်းသုတေသီတို့ လေ့လာဖို့ကောင်းတဲ့ ကျမ်းကြီး ဖြစ်ပါတယ်။ ကိုးတွဲကို အကျဉ်းချုပ်ထားတဲ့ သခ်ေပကျမ်း တစ်တွဲလည်း ရှိပါတယ်။

ခု ပါမောက္ခ ဂျေးရဲ့ ဝေဖန်ချက်ကို တင်ပြလိုက်ပါတယ်။

**မြန်မာပြန်သူ**

mgyoe.com

mgyoe.com SAMPLE BOOK

# တွိုင်ဘီ၏ယဉ်ကျေးမှုစနစ်များ

သမိုင်းတစ်ရပ်လုံးကို ခြုံငုံလေ့လာဖို့၊ သမိုင်းရဲ့ လှုပ်ရှားမှုထဲက အယူအဆတွေကို တွေ့ရှိဖို့၊ သမိုင်းရဲ့အဓိပ္ပာယ်ကို ရှာဖွေကြည့်ဖို့ ...။

ဒီလုပ်ငန်းကို ကြိုးစား စမ်းသပ်လုပ်ကိုင်သူတွေထဲမှာ ပါမောက္ခ တွိုင်ဘီဟာ ပထမဆုံးပုဂ္ဂိုလ် မဟုတ်ပါဘူး။ သူ့အရင်က သမိုင်းပညာရှင်များ ဖြစ်ကြတဲ့ စိန့်ဩဂတ်စတင်း (St. Augustine)၊ ဘိုဆွေး (Bossuet)၊ ကွန်ဒိုဆေး (Condorcet)၊ ဟီဂဲလ် (Hegel)၊ ကားလ်မတ် (Karl Marx)၊ ဘာကယ် (Buckle)၊ ဝဲလ် (H. G. Wells)၊ စပင်းဂလား (Spengler) စတဲ့ ပညာရှင်အစုထဲကို နောက်ထပ် ဝင်ရောက်လာသူ တစ်ယောက်ပဲ ဖြစ်ပါတယ်။ သူဟာ နောက်ဆုံးလည်း မဟုတ်သေးပါဘူး။

ခု ကျွန်တော်တို့ရှေ့မှောက်မှာ သူ့ရဲ့ 'သမိုင်းကို လေ့လာခြင်း' ဆိုတဲ့ ကျမ်းကြီး အတွဲ ၆ တွဲ ရှိနေပါပြီ။ ပထမသုံးတွဲကို ၁၉၃၄ ခုနှစ်မှာ ထုတ်ဝေပြီး နောက်သုံးတွဲကို ၁၉၃၉ ခုနှစ်မှာ ထုတ်ဝေခဲ့ပါတယ်။ နောက်ထပ် သုံးတွဲ ထုတ်ဝေပြီးရင် အပြီးသတ်မယ်လို့ ဆိုသည့်တိုင် သေသေချာချာတော့ မပြောနိုင်သေးပါဘူး။ ခု ထုတ်ဝေပြီးသမျှ ၆ တွဲသည်ပင် လျှင် တော်တော်ကြီးကျယ်တဲ့ အောင်မြင် စွမ်းဆောင်မှုကြီးတစ်ခု ဖြစ်နေပါပြီ။ ပါမောက္ခ တွိုင်ဘီရဲ့ စာဖတ်အားကောင်းပုံ၊ လေ့လာအားကောင်းပုံ

mgyoe.com

mgyoe.com SAMPLE BOOK

မျိုးကတော့ အရင်က မရှိသလောက်ပါပဲ။ တွိုင်ဘီဟာ တရုတ်နဲ့ အိန္ဒိယ စတဲ့ အာရှတိုက် ရှေးဟောင်း ယဉ်ကျေးမှုသမိုင်းတွေ၊ အီဂျစ်ပြည် ရှေးဟောင်း ယဉ်ကျေးမှုသမိုင်းတွေ၊ အမေရိကတိုက် ရှေးဟောင်းယဉ်ကျေးမှု သမိုင်းတွေကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆစ်ပိုင်း တင်ပြသွားခဲ့ပါတယ်။ သူဟာ ရောမ ယဉ်ကျေးမှုသမိုင်းနဲ့ ဟယ်လင်းနစ် (Hellenic) သမိုင်းလို့ခေါ်တဲ့ ဂရိ သမိုင်းတို့ကိုလည်း တော်တော်ကြီး ကျွမ်းကျင်နှံ့စပ်ပါတယ်။ သူဟာ အဲဒီတိုင်းပြည်များက ဂန္ထဝင်စာပေတို့ကိုလည်း သိပါတယ်။ သိတယ်လို့ ပြောရာမှာ နည်းနည်းပါးပါး မတောက်တခေါက် သိနည်း မဟုတ်ပါဘူး။ တော်တော်ကြီး နှံ့နှံ့စပ်စပ် သိပြီး သူ့ ချေပငြင်းခုံမှုတွေ၊ သူ့အယူအဆ တွေကို တင်ပြရာမှာ နောက်ခံအဖြစ် အထောက်အထားပြနိုင်ဖို့အတွက် လိုသလို ကောက်နုတ်တင်ပြခဲ့သူပါ။ ဒီလို အသုံးပြုရာမှာ သူဟာ အဓိက အားဖြင့် သမ္မာကျမ်းစာကို အားပြုသွားပါတယ်။ တွိုင်ဘီဟာ သမ္မာ ကျမ်းစာနဲ့ အသက်ရှင်နေသူ ဖြစ်ပါတယ်။ သမ္မာကျမ်းစာမှ ကောက်နုတ် ချက်တွေ၊ ကိုးကားချက်တွေဟာ သူ့ကျမ်းကြီးထဲမှာ နေရာအနှံ့ တွေ့နိုင် ပါတယ်။

ဒါတင်မကဘူး ဂါထေး (Goethe)၊ ရှိတ်စပီးယား (Shake-speare)၊ မာဗယ် (Marvell)၊ ရှယ်လီ (Shelley)၊ ဘလိတ် (Blake)၊ မယ်ရဲဒစ် (Meredith) စတဲ့ စာပေပညာရှင်တွေရဲ့ အရေးအသား၊ အဆို အမိန့်တွေကိုလည်း နေရာအနှံ့မှာ ထုတ်နုတ် တင်ပြသွားပါတယ်။ သူ့ တင်ပြချက်ကို အခိုင်အမာဖြစ်စေဖို့အတွက် ခေတ်သစ် ဝံသမျိုးနွယ်ဆိုင် ရာ အယူအဆတွေ၊ လူမှုဗေဒဒဿန ပညာရပ်နဲ့ စိတ်ပညာဆိုင်ရာ အယူ အဆတွေကိုလည်း သူ ကောင်းကောင်း သိပါတယ်။

တစ်ပြိုင်နက်တည်းမှာ သူ့အရေးအသားကလည်း ခံ့ညားပြည့်စုံပြီး ချောမောပြေပြစ်လှပါတယ်။ ကောက်နုတ်ချက်တွေကြားထဲက နိမိတ်ပုံ တွေ၊ ဥပမာအလင်္ကာတွေ သုံးပြီး သူ့ရဲ့အရေးအသား နိုင်နင်းမှုကို ထိန်း သိမ်းထားနိုင်ရုံမက သူ့တင်ပြချက်ကိုလည်း ရှင်းလင်းပြတ်သားစွာ ဖော် ပြထားနိုင်ပါတယ်။ ပိုပြီး အရေးကြီးတာကတော့ ဒီလို အဆီအနှစ်တွေ ကြွယ်ဝများပြားတဲ့ ကျမ်းကြီးဟာ ကျွန်တော်တို့ကို ကြီးကျယ်ခမ်းနားတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

မြင်ကွင်းကြီးတစ်ခုကို ဖြန့်ခင်းပြလိုက်တဲ့ အချက်ပါပဲ။

တွိုင်ဘီဟာ ဘဝကိုလည်းကောင်း၊ ပတ်ဝန်းကျင်ရဲ့ အရောင်အသွေး စုံလင် တောက်ပပုံကိုလည်းကောင်း မြင်တတ် ကြည့်တတ်သူ ဖြစ်ပါတယ်။

ဒါတင်မကဘူး သူဟာ သမိုင်းဖြစ်စဉ်ကြီးကို ဗိသုကာပုံစံတစ်ခု ချပြသလို ဖြန့်ပြပြီး အဲဒီပုံစံရဲ့ ညီညွတ်သိပ်သည်းမှုကိုလည်း လေးနက်စွာ သတိပြုမိသူ ဖြစ်ပါတယ်။ သတိပြုမိတဲ့အလျောက် အဲဒီပုံစံနဲ့ ကိုက်ညီအောင် သမိုင်းကို တင်ပြနိုင်သူလည်း ဖြစ်ပါတယ်။ ထူးခြားတဲ့ ဉာဏ်ပညာရှင်ဖြစ်ပြီး ကျွန်တော်တို့ သမိုင်းဆရာတွေ လောကမှာဖြင့် သူမတူ ထူးခြားတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။

၁၉၃၄ ခုနှစ်မှာ ထုတ်ဝေတဲ့ သူ့ကျမ်းပထမတွဲမှာ သူ့ကျမ်းကြီးကို အပိုင်း ဆယ့်သုံးပိုင်းခွဲပြီး အစဉ်တစိုက် တင်ပြသွားမယ်လို့ ပါမောက္ခ တွိုင်ဘီက ရေးခဲ့ပါတယ်။ အတွဲ ၆ အထိမှာ အပိုင်း ၅ ပိုင်း ဖော်ပြပြီးပါပြီ။ ကျန်တဲ့အပိုင်း ရှစ်ပိုင်းကတော့ ရှေ့က အပိုင်းတွေလောက် ရှည်လျားမယ် မဟုတ်ဘူးလို့ သူ မျှော်လင့်ကြောင်း ပါမောက္ခတွိုင်ဘီက ပြောပါတယ်။ တော်တော်ကြီးကျယ်တဲ့ စီမံကိန်းကြီး ဖြစ်ပါတယ်။

ပိုပြီး အံ့သြစရာကောင်းတာက စာရေးဆရာဟာ ပထမတွဲကို ရေးသားပြီးတဲ့နောက်မှာ နောင်နှစ်ပေါင်းများစွာကြာမှ နောက်အတွဲပေါင်းများစွာထွက်မှ ပါမယ့် အပိုင်းတွေကို ကြိုတင်ရည်ညွှန်းပြီး ရေးသားသွားတဲ့ ကိစ္စပါပဲ။ ကျမ်းကြီးတွေကို ဆက်ရေးသွားရင်း နောက်ပြန်ပြီး ညွှန်းတာ၊ ရှေ့မရေးရသေးတဲ့ အတွဲတွေကို မှန်းပြီး ညွှန်းတာတွေလည်း ရှိပါတယ်။ သူ့စိတ်ထဲမှာတော့ ဒီလောက်ကြီးမားတဲ့ အဆောက်အဦကြီးကို သိပ်သည်း ညီညွတ်စွာ ဖွဲ့စည်းတည်ဆောက်ပြီးနေပါပြီ။

သူ့သမိုင်းကျမ်းကြီးဟာ သမိုင်းကို လေ့လာရာမှာ အခြေခံအဖြစ် ယဉ်ကျေးမှုကြီးတွေကို နှိုင်းယှဉ်လေ့လာဖို့ ရည်ရွယ်ထားပါတယ်။ သူ့အမြင်မှာ 'နိုင်ငံ' တို့၊ 'လူမျိုး' တို့ ဆိုတာတွေဟာ သမိုင်းရဲ့ စစ်မှန်တဲ့ ယူနစ် Units တွေ မဟုတ်ဘူး။ သမိုင်းရဲ့ စစ်မှန်တဲ့ မူလပစ္စည်းတွေ မဟုတ်ဘူး။ သမိုင်းရဲ့ ယူနစ်တွေ၊ စစ်မှန်တဲ့ အခြေခံ မူလပစ္စည်းများဟာ ယဉ်ကျေးမှုများသာ ဖြစ်တယ်လို့ ယူဆပါတယ်။ သမိုင်းကို ကြည့်ရာမှာ

mgyoe.com

mgyoe.com SAMPLE BOOK

'နိုင်ငံ' တွေအဖြစ် ခွဲခြားကြည့်တာဟာ 'ကျဉ်းမြောင်းတယ်' လို့ သူက ရှုတ်ချ ပြစ်တင်ပါတယ်။ သမိုင်းကို 'လူမျိုး' များအဖြစ် 'အမျိုးသားရေး ဝါဒများ' အဖြစ် ခွဲခြမ်းကြည့်တာဟာ အောင်နိုင်မှုကို အသားပေးတဲ့ အတ္တစိတ် လွှန်ကဲမှုဆိုပြီး သူ ငြင်းပယ်ပါတယ်။

ကျွန်တော်တို့ သိရှိထားတဲ့ နှစ်ပေါင်းခြောက်ထောင် သမိုင်းသက်တမ်းအတွင်းမှာ ယဉ်ကျေးမှုကြီး ၂၁ ခု ရှိခဲ့တယ်လို့ သူက ရေတွက်ပြပါတယ်။ ဒီယဉ်ကျေးမှုကြီးတွေကို တစ်ခုချင်း အကျယ်တဝင့် ရှင်းလင်းတင်ပြထားပြီး အဲဒီယဉ်ကျေးမှုကြီးများဟာ တစ်ခုတည်း ရပ်တည်နိုင်ခြင်း မရှိကြောင်း၊ တစ်ခုတည်း ရပ်တည်နိုင်တဲ့ ယဉ်ကျေးမှုဟာ အလွန်ရှားပါးကြောင်း ပြောဆိုပြီး အဲဒီယဉ်ကျေးမှုကြီးတွေ တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်သွယ်နေကြပုံကို တင်ပြထားပါတယ်။

အနောက်တိုင်း ယဉ်ကျေးမှုလို့ခေါ်တဲ့ လက်တင်–ခရစ်ယာန် ယဉ်ကျေးမှုမှအပ အဲဒီယဉ်ကျေးမှုကြီးများ အားလုံးဟာလည်း ယိုယွင်းပျက်စီးသွားကြတဲ့အကြောင်း၊ ဒါမှမဟုတ် ပျောက်ကွယ်သွားကြတဲ့ အကြောင်းကို တင်ပြထားပါတယ်။ အနောက်တိုင်းယဉ်ကျေးမှုကတော့ ရောမခေတ်မှာ ဟယ်လင်းနစ် ယဉ်ကျေးမှုအရ (ဝါ) ဂရိယဉ်ကျေးမှုက ပေါ်ထွန်းလာခဲ့တယ်လို့ သူက ဆိုထားပါတယ်။ ယဉ်ကျေးမှုအားလုံးကို မျိုလိုက်တဲ့ ခုခေတ် ကျွန်တော်တို့ရဲ့ အနောက်တိုင်းယဉ်ကျေးမှုကြီးရဲ့ အစဉ်အလာနဲ့ ပတ်သက်လို့တော့ ပါမောက္ခ တွိုင်ဘီက ဘယ်လို အဆုံးသတ်မယ်၊ ဘယ်လို ရှိမယ်ဆိုတာကို ရေရေရာရာ မပြောသေးပါဘူး။ သူဟာ ဒီယဉ်ကျေးမှုအကြောင်းကို မကြာခဏ ကိုင်တွယ် သုံးသပ်သွားပေမဲ့ အပိုင်း ဆယ့်နှစ်ကျမှသာ အပြည့်အစုံ ဖော်ပြမယ်လို့ ဆိုထားပါတယ်။

ခုအထိ အတွဲ ခြောက်တွဲသာ ပြီးပေမဲ့ သမိုင်းနဲ့ပတ်သက်တဲ့ စည်းမျဉ်းဥပဒေသတွေကို ချမှတ်နိုင်ပြီလို့ သူ ယူဆပါတယ်။ တစ်ခါတလေမှာ သူက အဲဒီ ဥပဒေသတွေကို သမိုင်းနိယာမ Laws လို့ခေါ်တတ်ပြီး တစ်ခါတလေမှာလည်း ဖြစ်ပေါ်တိုးတက်မှုရဲ့ စံနှုန်းမိပုံစံများ Standard patterns of development လို့ ခေါ်တဲ့အခါ ခေါ်ပါတယ်။ တစ်ခါတလေမှာလည်း အခြေအနေကိုလိုက်ပြီး တိမ်းညွတ်မှု အလားအလာ tendencies

mgyoe.com

mgyoe.com SAMPLE BOOK

များလို့ ခေါ်သွားပါတယ်။

ယဉ်ကျေးမှုကြီးတွေကို လေ့လာတဲ့အခါမှာ တွိုင်ဘီက အဆင့်လေးဆင့် ခွဲပြီး သုံးသပ်သွားပါတယ်။ ပထမအဆင့်က ယဉ်ကျေးမှုရဲ့ မူလဇာစ်မြစ် (genesis)၊ တစ်နည်းပြောရရင်လည်း ယဉ်ကျေးမှုကြီးတွေ ဘယ်လို ပေါ်ထွန်းလာခဲ့သလဲ ဆိုတဲ့အချက်။ သူက ယဉ်ကျေးမှုကြီးတွေဟာ ရာသီဥတု၊ ရေမြေ၊ သို့မဟုတ် အဲဒီယဉ်ကျေးမှုတွေရဲ့ ဖြစ်ပေါ်မှုအစဉ်ကို အခွင့်သာစေတဲ့ အခြေအနေများကြောင့် ပေါ်ထွန်းလာရတာ မဟုတ်ဘူး။ ယဉ်ကျေးမှုကြီးတွေဟာ လူတွေက အခက်အခဲ၊ အတားအဆီးတွေကို ကျော်ဖြတ်လာရာက ပေါ်ထွန်းလာခြင်းဖြစ်တယ်လို့ သူ ယူဆတယ်။

ယဉ်ကျေးမှုရယ်လို့ မရှိခင်၊ မပေါ်ခင်တုန်းက လူတွေဟာ ဘဝတည်မြဲရေးအတွက် သင့်တင့်ညီမျှစွာ ဟန်ချက်ညီညီ ရှိနေရာကနေပြီး ဟန်ချက်မညီတော့ဘဲ ဖရိုဖရဲဖြစ်သွားရာက ပေါ်ပေါက်လာခြင်း ဖြစ်တယ်လို့ ယူဆတယ်။ ဒါကို သူက ‘ထုံးစံဓလေ့များ ပေါင်းစည်းညီညွတ်မှုနေရာမှ ယဉ်ကျေးမှု ခြားနားသွားကြသည့်အဖြစ်’သို့ ရောက်သွားခြင်း ဖြစ်တယ်လို့ ပြောသွားတယ်။

စာရေးဆရာက အဲဒီလို အခြေအနေတွေ ကွဲပြားသွားတာကို ခေါင်းစဉ် အမျိုးမျိုးခွဲပြီး တင်ပြသွားတယ်။ ‘ခက်ခဲသောတိုင်းပြည်များ’၊ ‘ထိုးနှက်ချက်များ’၊ ‘ဖိအားပေးမှုများ’၊ ‘ရာဇဝတ်မှု ပြစ်ဒဏ်များ’ လို့ စာရေးဆရာက သုံးထားတယ်။ လူ့သမိုင်းရဲ့ ဒီလှုပ်ရှားမှုကြီး တစ်ခုလုံးကို သူက ‘စိန်ခေါ်မှုနှင့် တုံ့ပြန်မှု’ ဆိုတဲ့ စကားနှစ်လုံးနဲ့ အနှစ်ချုပ် ဖော်ပြလိုက်တယ်။ ယဉ်ကျေးမှုတစ်ခုက အခြားတစ်ခုကို စိန်ခေါ်ယှဉ်ပြိုင်တယ်။ နောက်ယဉ်ကျေးမှုတစ်ခုက ဒီစိန်ခေါ်မှုကို တုံ့ပြန်တယ်။ ဒီနည်းအားဖြင့် ယဉ်ကျေးမှုတွေဟာ တစ်ခုကိုတစ်ခု စိန်ခေါ်ရင်း၊ တုံ့ပြန်ရင်း၊ ယှဉ်ပြိုင်တိုက်ခိုက်ရင်းဖြင့် ပေါ်ထွန်းလာရတယ်။ ကျဆုံးသွားရတယ်လို့ သူက ထောက်ပြတယ်။ ဒီနည်းဟာ သမိုင်းမှာ နရီစည်းချက်မှန်မှန်နဲ့ ဖြစ်ပေါ်နေတယ်လို့ သူ ယူဆတယ်။

ဒီလိုနဲ့ ယဉ်ကျေးမှုတစ်ခုဟာ ပေါ်ပေါက်လာရတယ်။ နောက်

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဆင့်ကတော့ ယဉ်ကျေးမှုထွန်းကားခြင်း အဆင့် (growth)။ ယဉ်ကျေးမှုတစ်ခုဟာ စိန်ခေါ်မှုကို တုံ့ပြန်ရင်း ပေါ်ပေါက်လာတယ်။ နောက်တော့ ထွန်းကား တိုးတက်လာတယ်။ ဒီယဉ်ကျေးမှုဟာ ပတ်ဝန်းကျင်အပေါ်မှာ အသာစီးရလာတယ်။ ပထမတော့ ရုပ်ဝတ္ထုဆိုင်ရာ ပတ်ဝန်းကျင်အပေါ်မှာ အသာစီးရမှု၊ နောက်ပိုင်းတော့ စိတ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကို အသာစီးရလာတယ်။ ရုပ်ဝတ္ထုဆိုင်ရာ ပတ်ဝန်းကျင်ဟာ အရေးကြီးတဲ့ အပိုင်းကို ရောက်လာတယ်။ ယဉ်ကျေးမှု ဖြစ်ပေါ်တိုးတက်မှုဟာ အပြင်ကနေ အတွင်းကို ထိုးဖောက်ဝင်ရောက်သွားတယ်လို့ သူက ယူဆတယ်။

ဒီယဉ်ကျေးမှု ထွန်းကားမှုဖြစ်စဉ်မှာ ပို၍ ပို၍ ကွဲပြားခြားနားလာမှုဟာ ဖြစ်ရိုးဖြစ်စဉ်ပုံသဏ္ဍာန် ဖြစ်တယ်လို့ ယူဆတယ်။ ယဉ်ကျေးမှု ထွန်းကားမှု အဆင့်တိုင်းမှာ စိန်ခေါ်မှုနဲ့ တုံ့ပြန်မှုတို့ကို ဖြတ်သန်းသွားရတယ် ဆိုတာကို တွိုင်ဘီက အထောက်အထားတွေနဲ့ ပြထားတယ်။ ဒါပေမဲ့ စာရေးဆရာက ဒီလိုပြဿနာမှာ ထင်ရှားအောင်လို့ ထင်ရဲ့၊ ယဉ်ကျေးမှုတစ်ခုရဲ့ ထွန်းကားမှုဟာ တီထွင်ဖန်တီးသူများ၊ သို့မဟုတ် တီထွင်ဖန်တီးတတ်သော လူနည်းစုများကြောင့် ပေါ်ပေါက်လာရခြင်း ဖြစ်တယ်။ သူတို့ရဲ့ လှုပ်ရှားမှုများကိုလည်း 'ဆုတ်ခွာခြင်းနှင့် ပြန်လာခြင်း' ဆိုတဲ့ ဖြစ်စဉ်နှစ်ခုက ပြုပြင်ဖန်တီးပေးတယ်လို့ ထောက်ပြတယ်။ အတွဲ ၃ ရဲ့ တစ်ဝက်ကျော်ကျော်ဟာ ဒီဖြစ်စဉ်ကို ဥဒါဟရဏ်များနဲ့ ပြထားတယ်။

ဒီနောက်မှာတော့ ယဉ်ကျေးမှုကြီးတွေရဲ့ ပြိုကွဲမှုအဆင့် (Breakdown)။ ဒီအကြောင်းကို အတွဲ ၄ မှာ အကျယ်တဝင့် ဆွေးနွေးထားတယ်။ ယဉ်ကျေးမှုကြီး တော်တော်များများဟာ အနေ့နဲ့ အမြန် ဆိုသလို နောက်ဆုံးတော့ ပြိုကွဲမှုအဆင့်ကို ရောက်လာခဲ့ကြရတယ်။ ယဉ်ကျေးမှု ထွန်းကားမှုကာလဟာ ဘယ်လောက်ရှည်ကြာသလဲ၊ ဘယ်လောက် တိုတောင်းသလဲဆိုတဲ့ ကိစ္စမှာတော့ ယဉ်ကျေးမှုတစ်ခုနဲ့တစ်ခု မတူကြဘူး။ ယဉ်ကျေးမှု တစ်ခုဟာ မွေးဖွားပြီးချိန်ကစပြီး ပြိုကွဲချိန်အထိ ဘယ်လောက်ကြာတယ် ဆိုတာကိုတော့ ပုံသေမပြနိုင်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ပြိုကွဲမှုဟာ ရုပ်ကမ္ဘာကြီးကို ချုပ်ကိုင်လွှမ်းမိုးထားတဲ့ မဖောက်ပြန်တဲ့ ကံတရားကြောင့် ဖြစ်တယ် ဆိုတဲ့အချက်ကိုတော့ တွိုင်ဘီက အတိအလင်း ငြင်းဆိုထားတယ်။ ယဉ်ကျေးမှုတစ်ခု ပြိုကွဲခြင်းဟာ စီရင်ပြဋ္ဌာန်းခြင်းခံရတဲ့ ယဉ်ကျေးမှုရဲ့အတွင်းက ပေါ်ပေါက်လာတာ ဖြစ်တယ်။ ဒါပေမဲ့ အဲဒီချွတ်ယွင်းချက်ဟာ နိယာမတရားက ပြဋ္ဌာန်းထားတာ မဟုတ်ဘူး။ လူပုဂ္ဂိုလ်ရဲ့ အမှားကြောင့် ဖြစ်တယ်။ မရှောင်မလွှဲသာတဲ့ ဇာကန်တရားကြောင့် မဟုတ်ဘူးလို့တော့ သူက ပြောထားတယ်။

အဲဒီအတွဲမှာ ယဉ်ကျေးမှုကြီးတွေ ပြိုကွဲသွားရတဲ့ အကြောင်းရင်းများကို ကျယ်ကျယ်ပြန့်ပြန့် သုံးသပ် တင်ပြထားတယ်။ ယဉ်ကျေးမှုကြီးတစ်ခု ပြိုကွဲရခြင်းဟာ ပြင်ပ အကြောင်းတရားများကြောင့် ဖြစ်တယ် ဆိုတဲ့ အမြင်ကို သူ လက်မခံဘူး။ ယဉ်ကျေးမှုကြီးတစ်ခု ပြိုကွဲပျက်စီးရတဲ့ အကြောင်းတရားဟာ လူများစုရဲ့ စက်ယန္တရားဆန်တဲ့ သဘောက ပေါ်ထွက်လာတဲ့ နောက်ပြန်ဆွဲ အင်အားစုကြောင့်သာ ဖြစ်တယ်။ ဖွံ့စည်းမှုစနစ်များ ပျော့ပျောင်းမှုမရှိ။ ဒီနည်းအားဖြင့် ယဉ်ကျေးမှုကြီးတွေကို အားနည်းသွားစေတာလို့ သူက ယူဆတယ်။

ဥပမာ ပြတဲ့အနေနဲ့ ဒီမိုကရေစီစနစ်နဲ့ စက်မှုဝါဒက 'ဘုန်းကြီးကျောင်းများရဲ့ သြဇာ' ကို ပျက်စီးစေခဲ့ပုံ၊ ဘုန်းကြီးကျောင်းများက ရှေးဟောင်း သာသနာရဲ့ သြဇာကို ပျက်စီးစေခဲ့ပုံ၊ ဘာသာတရားက ဇာတ်ခွဲခြားတဲ့ စနစ်ကို ပျက်စီးစေခဲ့ပုံတို့ကို ဥပမာပြသွားတယ်။

နောက်တစ်ဆင့်မှာတော့ ယဉ်ကျေးမှုကြီးတွေ ပျက်စီးကျဆုံးသွားတဲ့အဆင့် (Disintegration)။ ဒီအကြောင်းကို အတွဲ ၅ နဲ့ အတွဲ ၆ မှာ အကျယ်တဝင့် ရေးထားတယ်။ ပါမောက္ခတွိုင်ဘီက ပုံသေနည်းကျကျ မှန်မှန် ပြောင်းလဲနေတဲ့ အရာရယ်လို့ လောကမှာ တစ်ခုမှ မရှိဘူးလို့ ယူဆတယ်။ သူ့အဆိုအရ 'တီထွင်ဖန်တီးတဲ့ လူနည်းစု' ဖြစ်သွားပြီး လူထုတွေကတော့ 'ပစ္စည်းမဲ့' (Proletariat) တွေ ဖြစ်သွားတယ်လို့ ယူဆတယ်။

ဒီနေရာမှာ 'ပစ္စည်းမဲ့' ဆိုတဲ့စကားဟာ ခုခေတ်သုံးနေတဲ့ နိုင်ငံရေး အဓိပ္ပာယ်နဲ့ ပြောတာ မဟုတ်ဘူး။ သူပြောတဲ့ 'ပစ္စည်းမဲ့' ဆိုတဲ့ အဓိပ္ပာယ်

mgyoe.com

mgyoe.com SAMPLE BOOK

က လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုထဲမှာ ဘာမှ ခွဲဝေခံစားခွင့် မရှိတဲ့ လူတွေကို ပြောတာ ဖြစ်တယ်။ ဒီနည်းအားဖြင့် ယဉ်ကျေးမှုကြီးထဲမှာ 'ဂိုဏ်းကွဲမှု' စတင် ပေါ်ပေါက်လာခဲ့တယ်။

ယဉ်ကျေးမှုထဲမှာ ဒီလို ဂိုဏ်းကွဲလာခြင်းဟာ အဲဒီယဉ်ကျေးမှု ပြိုကွဲခြင်းရဲ့ ပထမဆုံး စတင်ပေါ်ပေါက်လာတဲ့ လက္ခဏာချက် ဖြစ်တယ်လို့ သူ ယူဆတယ်။ ဒီလိုနဲ့ သမိုင်းလမ်းကြောင်းဟာ နရီစည်းချက်မှန်မှန် ပေါ်ပေါက်နေတဲ့ စိန်ခေါ်မှုနဲ့ တုံ့ပြန်မှုတွေကို ဖြတ်သန်းလာခဲ့ရတယ်လို့ ဆိုတယ်။ တိုးတက်နေတဲ့ လူ့အဖွဲ့အစည်းတစ်ခုဟာ အဖြေမှန်ကို ရှာဖွေတွေ့ရှိသွားတတ်တယ်။ ဒီ့နောက်မှာ နောက်ထပ် စိန်ခေါ်မှုတစ်ခုကို တွေ့ရပြန်တယ်။ ပြိုကွဲသွားတဲ့ လူ့အဖွဲ့အစည်းတစ်ခုကတော့ အဖြေမှန်ကို မတွေ့ဘဲ ကျဆုံးသွားရတယ်လို့ ဆိုတယ်။

အလားတူ လူတွေရဲ့ စိတ်ဓာတ်မှာလည်း ဂိုဏ်းကွဲပြီး အစည်းပြေလာတာကို တွေ့ရတယ်လို့ သူက ပြောတယ်။ လူမှုရေးမညီညွတ်မှုတွေကြောင့် လူ့အဖွဲ့အစည်းဟာ မလှုပ်ရှားနိုင် ဖြစ်သွားတယ်။ အပြစ်ကျူးလွန်မှုတွေ ပေါ်လာတယ်။ လူတွေရဲ့နေထိုင်မှု အဆင့်အတန်းနဲ့ အပြုအမူတွေ ဖရိုဖရဲ ဖြစ်သွားကြတယ်။ ပစ္စုပ္ပန်ရဲ့အခြေအနေကို သည်းမခံနိုင်ဖြစ်လာတဲ့အခါကျတော့ အတိတ်ကို ပြန်သွားကြတယ်။ ဒါမှမဟုတ်ရင်လည်း အနာဂတ်ကို မျှော်မှန်းကြည့်လာကြတယ်။ အဘိဓမ္မာတစ်ခုခုနဲ့ဖြစ်စေ၊ ဘာသာတရားနဲ့ဖြစ်စေ၊ လူ့အဖွဲ့အစည်းကြီးက ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားကြလေ့ ရှိကြတယ်။ အဲဒီအထဲမှာပဲ တစ်ခါ စိန်ခေါ်မှုနဲ့ တုံ့ပြန်မှုတို့ ပေါ်လာပြန်တယ်။ 'ပစ္စည်းမဲ့' တွေကနေပြီး ဘာသာတရား သစ် တစ်ခုကို တည်ထောင်လာကြတယ်။

ယဉ်ကျေးမှုကြီးတစ်ခု ပျက်စီးချိန်မှာ 'ဖရိုဖရဲဖြစ်မှုနဲ့ စုစည်းမှု' (Routs and rally) ဖြစ်တယ်။ နိုင်ငံအချင်းချင်းဟာ မိမိတို့ရဲ့ အမိုးအမိုကင်းမှု၊ လွတ်လပ်မှုအတွက် ပြင်းထန်တဲ့စစ်ပွဲတွေ ဖြစ်တယ်။ အဲဒီအချိန်ကို သူက 'ဆင်းရဲဒုက္ခ ကာလကြီး' လို့ ခေါ်တယ်။ ဒါဟာ ယဉ်ကျေးမှုကြီး ပျက်စီးတော့မယ့် လက္ခဏာ ဖြစ်တယ်။ ပြိုကွဲနေတဲ့ ယဉ်ကျေးမှုကြီးရဲ့ လက္ခဏာချက် ဖြစ်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တော့ 'စုစည်းမှု' ပေါ်လာတယ်။ အဲဒါကို သူက 'ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်' လို့ ခေါ်လိုက်တယ်။ ဒါပေမဲ့ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်ဟာလည်း သိပ်မကြာလိုက်ဘူး။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်ဟာ ယင်းနဲ့အတူ ပျက်စီးမှုကို ယူဆောင်လာတဲ့အတွက် မကြာခင်မှာ ဆင်းရဲဒုက္ခတွေ နောက်တစ်ခါဖြစ်ပြီး၊ နောက်တစ်ခါ ဖရိုဖရဲဖြစ်မှုကြီး ပေါ်လာတယ်။ အဲဒီနောက် တစ်ခါ ဖရိုဖရဖြစ်မှုကြီး ပြီးတဲ့နောက်မှာ နောက်တစ်ခါ စုစည်းမှုကြီး ပေါ်လာပြန်တယ်။ နောက်ဆုံးမှာ ဖရိုဖရဲဖြစ်မှုကြီး နောက်တစ်ခါ ပြန်ပေါ်ပြီး ယဉ်ကျေးမှုကြီးဟာ ဗုန်းဗုန်းလဲ ပျက်စီး ကျဆုံးသွားရတော့တယ်လို့ သူက တွက်ပြတယ်။

အဲဒီ ယဉ်ကျေးမှုကြီး ပျက်သုဉ်းသွားတဲ့အခါမှာ နောက်ယဉ်ကျေးမှုတစ်ခု ထပ်မံပေါ်ပေါက်လာရတယ်။ ကမ္ဘာလုံးဆိုင်ရာ သာသနာရယ်လို့ ပေါ်လာပြန်ရတယ်။

အဲဒီလို ယဉ်ကျေးမှု ပြိုကွဲပျက်စီးနေတဲ့ ကာလမျိုးမှာ လူပုဂ္ဂိုလ်တစ်စုံတစ်ယောက်ရဲ့ အပြုအမူ လုပ်ဆောင်ချက်ဟာလည်း စွမ်းစွမ်းတမံရှိသည့်တိုင် ကျဆုံးရမှာ ဖြစ်တယ်လို့ သူက ဆိုတယ်။ ဒီမှာ သူက လူ့အဖွဲ့အစည်းကြီးကို ကယ်တင်မယ့်လူ သုံးဦး ရှိတယ်။ တစ်ဦးကတော့ အာဏာစက်ကို ထူထောင်သူ၊ နောက်တစ်ဦးကတော့ ဒဿနတစ်ခုခုကို တည်ထောင်သူနဲ့ နောက်ဆုံး တစ်ဦးကတော့ ဘာသာတရား တစ်ခုခုကို တည်ထောင်သူတို့ ဖြစ်တယ်လို့ဆိုတယ်။

ယဉ်ကျေးမှုတစ်ခု ပျက်စီးကျဆုံးတဲ့ ကာလအတွင်းမှာ သူက အဆင့်တွေ ခွဲထားတယ်။ အဲဒါတွေကို ခြုံကြည့်လိုက်ရင် ဒုက္ခဆင်းရဲကာလကြီး၊ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်၊ နေသာချိန်ကာလ၊ ကမ္ဘာလုံးဆိုင်ရာ သာသနာ၊ ပြင်ပ စစ်ဂိုဏ်းများကာလနဲ့ သူရဲကောင်းခေတ်ဆိုပြီး ပြထားပြီး ဒီအဆင့်တွေကို ဇယားနဲ့ဆွဲပြထားတယ်။

သူက ယဉ်ကျေးမှုတစ်ခု ပျက်သုဉ်းတဲ့ကာလမှာ ဖရိုဖရဲဖြစ်မှုနဲ့ စုစည်းမှု၊ လက်အောက်ခံ ဖရိုဖရဲဖြစ်မှုရဲ့ လက်အောက်ခံ စုစည်းမှုနဲ့ နောက်ဆုံးမှာ လုံးဝ ပြိုကွဲပျက်စီးမှုဆိုပြီး စက်ဝိုင်းသုံးခုခွဲ ရှိတယ်လို့ ဆိုပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# စိန်ခေါ်မှုနှင့် တုံ့ပြန်မှု သဘောတရား

ပါမောက္ခ တွိုင်ဘီက လူ့သမိုင်းဟာ လူမျိုးတွေရဲ့သမိုင်း၊ နိုင်ငံတွေရဲ့ သမိုင်း မဟုတ်ဘဲ ယဉ်ကျေးမှုကြီးတွေရဲ့ သမိုင်းသာ ဖြစ်တယ်။ ဒီ ယဉ်ကျေးမှုစနစ်ကြီးတွေဟာ မွေးဖွားမှု၊ ကြီးထွားမှု၊ ပြိုကွဲမှုနဲ့ ပျက်စီး ကျဆုံးမှုဆိုတဲ့ အဆင့်ကြီး လေးဆင့်ကို ဖြတ်သန်းရတယ်။ သမိုင်းမှာ ခုအချိန်အထိ ယဉ်ကျေးမှုကြီး ၂၁ ခု ပေါ်ထွန်းခဲ့တယ်။ အဲဒီယဉ်ကျေးမှု ကြီးတွေဟာ ဖရိုဖရဲဖြစ်မှုနှင့် စုစည်းမှု (routs and rallies) စက်ဝိုင်း သုံးပတ်ခွဲ လည်ပြီးတဲ့နောက်မှာ ကျဆုံးပျက်စီးသွားရတယ်လို့ ထောက်ပြ ပြီး ယဉ်ကျေးမှုစနစ် ပုံစံငယ်တွေကို တည်ဆောက်ပြတယ်။ ဒီလို တည် ဆောက်ပြပြီးတော့မှ အဲဒီပုံစံပေါ်မှာ ဆိုခဲ့တဲ့ ယဉ်ကျေးမှုကြီးတွေကို ထပ်ဟပ်ပြတယ်။

တစ်နည်းပြောရရင် စနစ်ဆိုတဲ့ အရိုးပေါ်မှာ ယဉ်ကျေးမှုဆိုတဲ့ အသား ထည့်ပြတယ်။ တွိုင်ဘီဟာ ကျွန်တော်တို့ လက်ရှိခေတ်ကြီး ဖြတ်သန်းနေတဲ့ လက်တင် ခရစ်ယာန် ယဉ်ကျေးမှုလို့ခေါ်တဲ့ အနောက် တိုင်း ယဉ်ကျေးမှုကိုကြည့်ပြီး သူ့ကောက်ချက်၊ သူ့သဘောတရားကို ထုတ်ယူတာ ဖြစ်တယ်။ သူဟာ တစ်ခါတစ်ရံမှာ သူ့ရှေ့က ဆရာကြီးတစ်ဦး

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်တဲ့ စပင်းဂလား (Spengler) ရဲ့ သမိုင်းအယူအဆ အချို့ကို ကိုးကားသွားပေမဲ့ သူ့အယူအဆဟာ စပင်းဂလားရဲ့ အယူအဆနဲ့ ဘာမျှမဆိုင်ဘူး။

စပင်းဂလားက ယဉ်ကျေးမှုကြီးတွေဟာ သက်ရှိ ဝိညာဏ ပစ္စည်းများလို မွေးဖွားလာကြတယ်။ ပျိုရွယ်ချိန်ကို ဖြတ်သန်းလာကြတယ်။ အိုမင်းချိန်ကို ဖြတ်သန်းလာကြတယ်။ အိုမင်းချိန်ကို ရောက်လာကြတယ်။ နောက်ဆုံးမှာ သေဆုံးသွားကြတယ်လို့ ယူဆတယ်။ ဒါကို တွိုင်ဘီ လက်မခံဘူး။ ယဉ်ကျေးမှုကြီးတွေဟာ သူ့အလိုလို အိုမင်းရင့်ရော်ပြီး သေဆုံးသွားကြတာ မဟုတ်ဘူး။ သူတို့ကိုယ်တိုင်ရဲ့ ပြုမူလုပ်ဆောင်ချက်ကြောင့် သေဆုံးသွားရတာ ဖြစ်တယ်လို့ ယူဆတယ်။

စပင်းဂလားက ယဉ်ကျေးမှုကြီးများဟာ ကြီးစိုးလွှမ်းမိုးတဲ့ ဝံသမျိုးနွယ် (race) ရဲ့ အတက်အကျ၊ အဆုတ်အဆန်းကို လိုက်ပြီး တက်ခြင်း ကျခြင်း၊ ဆုတ်ခြင်း ဆန်းခြင်း ဖြစ်ရတယ်လို့ ယူဆတယ်။ ဒီအယူအဆကိုလည်း တွိုင်ဘီ လက်မခံဘူး။

ဒါပေမဲ့ ပါမောက္ခ တွိုင်ဘီက ယဉ်ကျေးမှုကြီးများဟာ ဘယ်အရာကိုမှ မှီခြင်း တည်ခြင်း မရှိဘဲ လွတ်လပ်စွာ ရွေးချယ်မှုအရ ဖြစ်ပေါ်လာခဲ့တယ်။ ရုပ်ပတ်ဝန်းကျင်နဲ့ မဆိုင်တဲ့ စိတ်တန်ခိုး သတ္တိအရ ဖြစ်ပေါ်လာခဲ့တယ်လို့ ပြောသည့်တိုင် လူ့ယဉ်ကျေးမှုကြီးတွေ ပေါ်ပေါက်ပုံ၊ ထွန်းကားလာကြပုံ၊ ကျဆုံးပုံတို့ကို ရှည်လျားစွာ တင်ပြရာမှာတော့ ဘက်ပေါင်းစုံ အစအဆုံး ပြည့်စုံနေတဲ့ ယူနစ်တွေအဖြစ် ရှည်လျားစွာ တင်ပြနေပါကလား။

သမိုင်းကို ဝိညာဏပစ္စည်း၊ ဇီဝဗေဒဖြစ်စဉ်နဲ့ နှိုင်းခိုင်းတဲ့ စပင်းဂလားရဲ့ အယူအဆကို လက်မခံသည့်တိုင် သူကိုယ်တိုင်ကျတော့ အဲဒီယဉ်ကျေးမှုကြီးတွေ ပြိုကွဲသွားပုံ၊ ပျက်စီးသွားပုံကိုပြတဲ့နေရာမှာ စပင်းဂလားလိုပဲ အချိန်မှန်မှန်၊ နရီစည်းချက်မှန်မှန် ဖြစ်နေတယ်လို့ ပြောနေပါကလား။

ဘယ်လိုပဲဖြစ်ဖြစ် သူ့အယူအဆတွေဟာ စပင်းဂလားနဲ့ ကွဲလွဲတယ်လို့ ဆိုသည့်တိုင်၊ ချုပ်ကြည့်လိုက်တဲ့အခါမှာ ရုပ်ပတ်ဝန်းကျင်ကြောင့် သမိုင်း ပြောင်းလဲလာရတယ်ဆိုတဲ့ သမိုင်းရုပ်ဝါဒနဲ့ ဖြောင့်ဖြောင့်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဆန့်ကျင်နေပါကလား။ ပါမောက္ခတွိုင်ဘီဟာ နိယာမတွေအကြောင်းကို ပြောကောင်း ပြောမယ်။ သူ့ခေါင်းထဲမှာလည်း သိပ္ပံနည်းကျတဲ့ တွေးခေါ်မှုတွေ ရှိကောင်း ရှိမယ်။ သူ တင်ပြတဲ့ စကားပြေ အရေးအသားနဲ့ ဥပမာများ၊ နိမိတ်ပုံများဟာလည်း သိပ္ပံပညာစကားလုံးများ၊ နိမိတ်ပုံများ ဖြစ်ကောင်း ဖြစ်မယ်။ ဒါပေမဲ့ ဒီစကားလုံးတွေကို ဘယ်လိုပဲ သုံးထားပါစေ၊ ချုပ်ကြည့်လိုက်ရင် ပါမောက္ခ တွိုင်ဘီရဲ့ သမိုင်းအယူအဆဟာ စိတ်တန်ခိုးရဲ့ အချုပ်အခြာ ကျမှုနဲ့ လွတ်လပ်မှုကို အဓိက အသားပေးထားတာတွေ့ရတယ်။

သမ္မာကျမ်းစာထဲက ကောက်နုတ်ချက်တွေကို သုံးသွားတာဟာ သူ့တင်ပြချက်ကို ဝေဆာအောင်လုပ်တဲ့ အဆင်တန်ဆာ သက်သက်မျှသာ မဟုတ်ပါဘူး။ အဲဒီ ကောက်နုတ်ချက်တွေထဲမှာ သူ့ရဲ့ အလေးနက်ဆုံး အမှန်တရားတွေကို အခိုင်အမာဖြစ်စေတဲ့ အချက်တွေကို သွားတွေ့လို့ပါ။ ထာဝရဘုရားသခင်ဟာ ခရစ်တော်အဖြစ် လူပြန်ဖြစ်လာတယ်ဆိုတဲ့ အချက်ဟာ သမိုင်းသဘော ဆောင်နေတယ်လို့ သူ ယူဆတယ်။

ပါမောက္ခ တွိုင်ဘီဟာ စိတ်တန်ခိုးသတ္တိကို ဦးစားပေးတဲ့နေရာမှာ အလယ်ခေတ်ကပေါ်ခဲ့တဲ့ သမိုင်းဆရာ စိန့်ဩဂတ်စတင်း St. Augustine နဲ့ အတူတူဖြစ်ပြီး ၁၉၃၉ ခုနှစ်က ရေးခဲ့တဲ့ အတွဲများက နိဒါန်းမှာ သူဟာ သာသနာ့မြို့တော်ကို ဗင်ဒယ်တွေ ဝိုင်းထားတုန်းမှာ သာသနာဝင်ကျမ်းကို ရေးခဲ့ရတဲ့ ခရစ်ယာန်သာသနာပိုင်နဲ့ တူနေတယ်လို့ ရေးခဲ့ပါတယ်။

တွိုင်ဘီရဲ့အမြင်မှာ ရုပ်ဝတ္ထုဆိုင်ရာအခွင့်သာမှု၊ တိုးတက်မှုတွေဟာ ဘာမျှ အဓိပ္ပာယ်မရှိတဲ့အရာ၊ သမိုင်းမှာ အလေးထားစရာမလိုတဲ့အရာတွေလို့ ယူဆတယ်။ စိတ်တန်ခိုးသတ္တိကို သိစိတ်ဖြစ်အောင် လုပ်ပေးတဲ့ အရာဟာ အခက်အခဲ၊ အတားအဆီးတွေလို့ ယူဆတယ်။ အကြမ်းဖက်မှုကို သူ မုန်းတီးတယ်။ သူဟာ သာယာညင်းပျောင်းမှုကို လိုက်လံရှာဖွေသူ ဖြစ်တယ်။ သမိုင်းကို လူ့ကျင့်ဝတ်ဆိုင်ရာ အကဲဖြတ်ချက်တွေအနေနဲ့ ကြည့်တယ်။ သမိုင်းကို ဖန်တီးသူ၊ သမိုင်းကို မောင်းနှင်တဲ့သူဟာ စိတ်တန်ခိုးသတ္တိ၊ ပါရမီရှိတဲ့ ဘုန်းကံရှင် လူနည်းစုတို့ ဖြစ်တယ်လို့ ယူဆတယ်။ သူတို့တစ်တွေဟာ တီထွင် ဖန်တီးတဲ့ အင်အားစုရဲ့ မြစ်ဖျားခံရာ

mgyoe.com

mgyoe.com SAMPLE BOOK

ရေသောက်မြစ်တွေလို့ သူ ယူဆတယ်။ အာဏာဟာ အာဏာလက်ကိုင်ပြုသူကို ပြန်ပြီး စူးစေတဲ့အရာ မဟုတ်သည့်တိုင် အပေါ်ယံ အဆောင်အယောင်မျှသာ ဖြစ်တယ်လို့ မြင်တယ်။ ယဉ်ကျေးမှုတစ်ခုဟာ ကြီးထွားထွန်းကားလာသည်နှင့်အမျှ ကောင်းကင်ဆန်လာတယ်။ အမြင့်ကို ရောက်လာတယ်လို့ သူ ယူဆတယ်။ သူဟာ ယဉ်ကျေးမှုတစ်ခုအကြောင်းကို ပြောတဲ့အခါမှာ သတ္တဗေဒအရလည်းကောင်း၊ ဇီဝဗေဒအရလည်းကောင်း၊ ဒဿနအရလည်းကောင်း ပြောဆိုတင်ပြပြီး နောက်ဆုံးမှာ ဘာသာရေးအရ တင်ပြတယ်။

'ကမ္ဘာမြေကြီး၊ အသွေးအသားနှင့် နတ်ဆိုးတို့၏ ဝိညာဉ်သည် နောက်ဆုံးတွင် ကောင်းကင်ဘုံသို့ ကူးပြောင်းတော့အံ့'လို့ ပါမောက္ခ တွိုင်ဘီက ရေးခဲ့ပါတယ်။ ဒါဟာ ယဉ်ကျေးမှုတွေ နောက်ဆုံးမှာ ကောင်းကင် ဆန်သွားတယ်ဆိုတဲ့ သဘောကိုပြတဲ့ သူ့စာပိုဒ် ဖြစ်ပါတယ်။

ကောင်းပြီ။ ဒီလိုဆိုရင် ပါမောက္ခ တွိုင်ဘီ တည်ဆောက်ပြတဲ့စနစ်ဟာ ကျွန်တော်တို့အတွက် ဘာများ အသုံးဝင်ပါသလဲ။ သမိုင်းကို လေ့လာကြည့်မြင်ရာမှာ ကျွန်တော်တို့အတွက် ဘယ်လိုများ အထောက်အကူဖြစ်စေပါသလဲ။ သမိုင်းရဲ့ လျှို့ဝှက်နက်နဲမှုတွေကို ဖြေရှင်းရာမှာ ကျွန်တော်တို့အတွက် ဘယ်လောက်များ အကူအညီရစေပါသလဲ။ ကျွန်တော်တို့ ယခုတိုင် ရှာဖွေလို့မရသေးတဲ့ သမိုင်းရေးအဖြေတွေ ဘယ်လောက်များ ပါဝင်နေသလဲ။

တွိုင်ဘီဟာ စနစ်ကြီးတွေကို တည်ဆောက်ပြရာမှာ သူ့စိတ်ကူးထဲက သူ့ယုံကြည်ချက်ထဲက ပေါ်လာတဲ့ အရာတွေကို တင်ပြနေတာမဟုတ်ဘဲ အတွေ့အကြုံကို အခြေပြုပြီး တည်ဆောက်ပြခြင်းဖြစ်တယ်လို့ ဆိုတယ်။ အတွဲပေါင်းများစွာရှိတဲ့ ကျမ်းတွေထဲမှာ သူဟာ အတွေ့အကြုံ အခြေပြုနည်း (empirical method) ကို သုံးပြီး ဒီစနစ်ကြီးတွေကို တည်ဆောက်ပြခြင်း ဖြစ်တယ်လို့ ပြောခဲ့တယ်။ သူ့စာကိုဖတ်ရင်း ကျွန်တော်တို့ဟာ သမိုင်းဖြစ်စဉ်ရဲ့စံတွေ၊ နိယာမတွေ၊ နရီစည်းချက်မှန်မှုတွေကို လိုက်လံရှာဖွေနေတဲ့ ပါမောက္ခ တွိုင်ဘီကို တွေ့နေရတယ်။

ကျွန်တော်တို့ရှေ့မှာတွင်ပဲ သူဟာ အချက်အလက်တွေကို စုဆောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြီး ကောက်ချက်တွေကို ဆွဲထုတ်ပြနေတယ်။ ဒီလို ကြိုးစားတည်ဆောက်ပြတဲ့ စနစ်ကြီးတစ်ခုဟာ ကျွန်တော်တို့အတွက် တစ်ခုခုတော့ အကျိုးပြုသင့်တယ်။ ဒါပေမဲ့ ကျွန်တော့်အမြင်မှာတော့ ပါမောက္ခ တွိုင်ဘီရဲ့ စနစ်ဟာ အကျိုးပြုတာဆိုလို့ ဘာမှ မတွေ့ရပါကလား။

မှန်ပါတယ်။ အထက်မှာ ကျွန်တော် ပြောခဲ့တဲ့အတိုင်း သူ့ကျမ်းရဲ့ အရည်အသွေးဟာ ခမ်းနားကြီးကျယ်ပါတယ်။ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ လေးနက်တဲ့ မှတ်ချက်တွေ ထူးခြားတဲ့ နှိုင်းယှဉ်တင်ပြမှုတွေ၊ ကျယ်ပြန့်တဲ့အမြင်တွေနဲ့ အခြားသော အလှအပများကြောင့် ကျွန်တော်တို့ဟာ စာရေးဆရာကို အစဉ်အမြဲ ကျေးဇူးတင်ရှိနေရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အဖို့တော့ ပါမောက္ခ တွိုင်ဘီ တည်ဆောက်ပြတဲ့ စနစ်ပုံစံဟာ ဘာမှ အသုံးမဝင်ပါကလား။

ပါမောက္ခ တွိုင်ဘီရဲ့ ကျမ်းမှာ ကျွန်တော်က အဓိကထားပြီး ဝေဖန်ချင်တဲ့ အချက်ကတော့ သူ့ကျမ်း၊ သူ့တင်ပြချက်တစ်ခုလုံးဟာ အတွေ့အကြုံ အခြေပြု နည်းနာများအပေါ်မှာ အခြေခံတယ်ဆိုတဲ့ အချက်ပါပဲ။ ပါမောက္ခ တွိုင်ဘီဟာ အတွေ့အကြုံ အခြေပြု နည်းနာပေါ်မှာ သူ့ကျမ်းကို အခြေခံတယ်လို့ ဆိုခြင်းအားဖြင့် သူ့ကိုယ်သူ လိမ်လည်လှည့်ဖြားရာ ရောက်နေပါသေးတယ်။

အကယ်၍သာ ပါမောက္ခ တွိုင်ဘီဟာ သမိုင်းကို အစွဲအလမ်းကင်းကင်းနဲ့ စေ့ငခဲ့လျှင် လေ့လာစူးစမ်းလို့ရရှိပြီးဖြစ်တဲ့ အချက်အလက်များ၊ အသွင်လက္ခဏာများ ဖြစ်ပေါ်တိုးတက်မှုများကို အခြေတည်ပြီး စစ်တမ်းသဘောမျိုးလောက်သာ တင်ပြခဲ့လျှင် ကျမ်း ပထမတွဲမှာ ဖော်ပြခဲ့သလို ရှေ့မှာ အပိုင်းတွေ ဘယ်နှပိုင်း ခွဲရေးမယ်၊ ဘယ်ပိုင်းမှာ ဘာပါမယ် စသဖြင့် ကြိုတင် ကြေညာနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ၁၉၅၀ ပြည့်နှစ် သို့မဟုတ် ၁၉၆၀ ပြည့်နှစ်လောက်ကျမှ ရေးမယ့်အပိုင်း ၁၀ မှာ ပြဿနာတွေကို ကိုင်တွယ်မယ် စသဖြင့် ၁၉၃၄ ခုနှစ်မှာ ရေးတဲ့ ကျမ်းထဲမှာ ကြိုတင် ညွှန်းနိုင်မယ် မဟုတ်ပါဘူး။

သူ့အတွေ့အကြုံ အခြေပြုနည်းနာ စစ်မှန်ခြင်း ရှိ မရှိ ဆိုတာကို ကျွန်တော် သံသယဖြစ်တာဟာ ဒီအချက်ကြောင့်တင် မဟုတ်ပါဘူး။ ခု

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေပြီးဖြစ်တဲ့ အတွဲခြောက်တွဲကို ဝေဖန်တဲ့အခါမှာ ကျွန်တော် ဘာကြောင့် သူ့အတွေ့အကြုံ အခြေပြု နည်းနာကို သံသယဖြစ်တာလဲ ဆိုတာကို တွေ့လာပါလိမ့်မယ်။

ပါမောက္ခ တွိုင်ဘီရဲ့ လေ့လာမှုဟာ အံ့သြလောက်ပါတယ်။ ဥပမာတွေ၊ နှိုင်းယှဉ်ချက်တွေဟာလည်း များပြားကြွယ်ဝလှပါတယ်။ ဒါပေမဲ့ လူ့သမိုင်းစဉ်ကြီးကတော့ သည်ထက်မက များပြား ကြွယ်ဝတယ်။ တအံ့တသြဖြစ်နေတဲ့ မျက်လုံးကို ပွတ်ပြီး သေသေချာချာ ကြည့်လိုက်တဲ့အခါမှာ ပါမောက္ခ တွိုင်ဘီရဲ့ အချက်အလက် ကြွယ်မှုဟာ လူ့သမိုင်းတည်းဟူသော ဒယ်အိုးကြီးရဲ့ အချက်အလက် ကြွယ်ဝမှုနဲ့ဆိုရင် ယောက်မတစ်ကော်စာ၊ ဇွန်းတစ်ခပ်စာလောက်သာ ရှိပါတယ်။

အမှန်ကတော့ ဒီဥပမာနဲ့တောင် မပြည့်စုံသေးပါဘူး။ ဒယ်အိုးကြီးထဲကို ဇွန်းနဲ့ ကော်ခပ်လိုက်ရင် အဆီလား၊ အသားလား၊ အရိုးလား ဆိုတာကို ရွေးနေလို့ မရပါဘူး။ ဒါပေမဲ့ ပါမောက္ခ တွိုင်ဘီကတော့ တစ်ချိန်လုံး ရွေးပြီး ခပ်နေပါတယ်။ သူဟာ သူ့တင်ပြချက်၊ သူ့စစ်တမ်းကို အထောက်အကူပြုမယ့် ပစ္စည်းလောက်ကိုသာ ရွေးပြီး ဆယ်ပါတယ်။ တင်ပြတဲ့နေရာမှာလည်း သူ့အလို၊ သူ့အကြိုက်နဲ့ ကိုက်ညီအောင် တင်ပြသွားတယ်။ သဘောတရားကို အရင်ထူထောင်ပြီး အဲဒီ သဘောတရားနဲ့ ကိုက်ညီတဲ့ အချက်အလက်တွေကိုသာ တင်ပြသွားပါတယ်။ မကိုက်ညီတဲ့ အချက်အလက်တွေကို ချန်လှပ်ထားခဲ့ပါတယ်။ သူ့ စစ်တမ်းနဲ့ ကိုက်ညီခြင်းမရှိတဲ့ အချက်များကို အခြားသူများကလည်း ကောက်နုတ်တင်ပြနိုင်တယ်။ သဘောတရားနဲ့မကိုက်လို့ သူ ချန်လှပ်ပစ်ခဲ့တဲ့ အခြားအချက်အလက်များကို အခြားသူများက တင်ပြလာပြီး သူ့တင်ပြချက်ကို ချေပလာနိုင်တယ်ဆိုတဲ့ သံသယအတွက်တောင် နေရာမချန်ဘဲ သူ့စစ်တမ်းကို ပိုင်ပိုင်နိုင်နိုင်ကြီး တင်ပြသွားခဲ့ပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ပြောရရင် ဥပမာတွေ၊ ချေပချက်တွေကို တင်ပြပြီး သူချမှတ်သွားတဲ့ ဥပဒေသတွေ၊ နိယာမတွေ၊ စံနှုန်းမီပုံစံတွေဟာ ကန့်သတ်တဲ့ ခိုင်မာတိကျမှုသာ ရှိတယ်လို့ ကျွန်တော် ထင်တယ်။ တစ်ခါတစ်ရံမှာ သူ့တင်ပြချက်တွေဟာ ပြောစရာတောင် မလို

mgyoe.com

mgyoe.com SAMPLE BOOK

တော့တဲ့ ဖြစ်ရိုးဖြစ်စဉ်၊ ပြောရိုးပြောစဉ် အကြောင်းအရာတွေပဲ ဖြစ်နေတယ်။

ကျွန်တော့်အဖို့ ပြောရရင် နရီစည်းချက်မှန်မှန် ဖြစ်ပေါ်နေမှုကို ပြတဲ့ ပုံသေနည်းတွေ၊ ပုံသေကားကျ အစီအစဉ်လိုက် ဖြစ်ပေါ်နေတယ် ဆိုတဲ့ အဖြစ်အပျက်တွေ၊ ပြိုင်တူတိုးတက်ဖြစ်ပေါ်နေတယ်ဆိုတဲ့ ပုံစံဇယား တွေဟာ လက်တွေ့မှာ ဘယ်လိုမှ အသုံးချလို့ရစရာ အကြောင်း မရှိပါဘူး။ ကျွန်တော့်အဖို့ဆိုရင် သူ့နည်းနာကို ကိုင်တွယ်ပြီး ဘယ်လို အလုပ် လုပ် ရမယ်ဆိုတာ ကျွန်တော် မသိဘူး။ သူ့နည်းအတိုင်း သမိုင်းကို မှန်မှန်ကန် ကန် ရေးဖို့ဆိုတာကတော့ ဝေးရော။

သူ့ရဲ့ထူးခြားတဲ့ ပုံသေနည်းတစ်ခုဖြစ်တဲ့ စိန်ခေါ်မှုနဲ့ တုံ့ပြန်မှု ပုံသေနည်းကိုပဲ ကြည့်ပါ။ တစ်ခုက စိန်ခေါ်လို့၊ တစ်ခုက ပြန်လည်တုံ့ပြန် ရာက ယဉ်ကျေးမှုကြီးတွေ ပေါ်ပေါက်လာခဲ့ရတယ်လို့ တွိုင်ဘီက ဆိုသွား တယ်။ ဒီပုံသေနည်းဟာ စိတ်ပညာရပ်ကနည်းကို သမိုင်းပညာရပ်မှာ ထင်ဟပ်သုံးစွဲလိုက်တဲ့ နည်းပါ။

ဒီနည်းကို သတိပြုမိလိုက်တာဟာ တွေ့ရှိချက်လို့ ခေါ်မယ်ဆိုရင် ခေါ်နိုင်ပါတယ်။ လူတွေရဲ့ စုပေါင်းဘဝမှာ ဒီသဘောကြောင့် လှုပ်ရှားမှု တွေ ပေါ်ပေါက်ခဲ့ပေတာကိုး။ ဒါဟာ နိယာမတရားတစ်ရပ် မဟုတ်ပါဘူး။ ဖြစ်လေ့ဖြစ်ထရှိတဲ့ အဖြစ်အပျက်တစ်ခုကို သတိပြုမိတာလောက်ပဲ ရှိပါ တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီသဘောဟာ ဘဝမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့၊ ဖြစ်ပျက်နေတဲ့ ထုပ္ပတ်တစ်ခုသာ ဖြစ်တယ်ဆိုတာ သိလာရတယ်။ ဒါ ကြောင့် ကျွန်တော်တို့ရဲ့ သိမြင်မှုဟာ နက်ရှိုင်းလာခဲ့တယ်။ ဒီလောက် ဆိုရင် တော်လောက်ပြီပေါ့။

ခုတော့ ပါမောက္ခ တွိုင်ဘီက ဒီလောက်နဲ့ မရပ်ဘူး။ အဲဒီကနေပြီး နိယာမတစ်ခုကို ထူထောင်နိုင်တယ်လို့ သူ ထင်နေတယ်။ နိယာမတစ်ခု ထူထောင်လိုက်တယ်။ ဒီနိယာမကတော့ လူဟာ သက်သာလွယ်ကူတဲ့ ပတ်ဝန်းကျင် အခြေအနေတွေထဲမှာ မှီတင်းနေထိုင်ရလေလေ ယဉ်ကျေးမှု ထွန်းကားအောင် လုပ်လိုတဲ့ဆန္ဒဟာ နည်းပါးလာလေလေဆိုတဲ့ နိယာမ ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နည်းပြောရရင် ခက်ခဲတဲ့ပတ်ဝန်းကျင် အခြေအနေတွေထဲမှာ မှီတင်းနေထိုင်ရမှ ယဉ်ကျေးမှုထွန်းကားအောင် လှုံ့ဆော်တဲ့ တွန်းအားဟာ ပေါ်ပေါက်လာရတယ်ဆိုတဲ့ နိယာမပါပဲ။ မှန်ပါတယ်။ ယဉ်ကျေးမှုဆိုတာ ဝါယမစိုက်ထုတ်မှ ထွန်းကားနိုင်တဲ့ ကိစ္စတစ်ခုပါ။ ဒါ့ကြောင့် မတောင့်မတ၊ မကြောင့်မကြ အားလုံးပြည့်စုံနေတဲ့ မတောင့်တဘုံ Land of Cockaigne တစ်ခုဟာ ယဉ်ကျေးမှုတစ်ခု စတင်ထွန်းကားရာ ယဉ်ကျေးမှုရဲ့ ပုခက်လို့ ဘယ်သူမှ လက်ခံနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ပုံစံစနစ်ကို အလွန်သဘောကျတဲ့ ပါမောက္ခ တွိုင်ဘီက တော့ သဘာဝပတ်ဝန်းကျင် ခက်ခဲကြမ်းတမ်းလေလေ ယဉ်ကျေးမှုကို ထွန်းကားစေတဲ့ တွန်းအားဟာ ကြီးမားလေလေဖြစ်တယ်ဆိုတဲ့ ကောက်ချက်ကို တင်ပြနေပါပြီ။ ဒါကြောင့်မို့ သူဟာ 'ယခုအထိ ကျွန်တော်တို့ စမ်းသပ်စစ်ဆေးပြီးဖြစ်သော အတွေ့အကြုံ အခြေပြုနည်းနာများ'ကို အသုံးပြုပြီး သူ့ကောက်ချက်ကို အထောက်အကူဖြစ်စေမယ့် ဥပမာများကို တင်ပြနိုင်ခဲ့ပါတယ်။

သူက တရုတ်ပြည် မြစ်ဝါမြစ်ဝှမ်းကို လူတွေနေထိုင်လို့ရတဲ့ နေရာအဖြစ် ပြောင်းလဲဖို့အတွက် အတတ်ပညာနဲ့ အလုပ်ကို တိုးချဲ့ တီထွင်လာခဲ့ကြရတယ်။ ဒါတောင်မှပဲ မြစ်ဝါမြစ်ဝှမ်းဟာ ခုထိ ရေဘေးကြီးတွေနဲ့ ကြုံနေရသေးတယ်လို့ ပြောသွားပါတယ်။ သူ့လိုပဲ မြေဩဇာကောင်း ယန်ဇီမြစ်ဝှမ်းဒေသမှာတော့ ဒီလိုရေလွှမ်းတာတွေ၊ သဘာဝဘေးဒဏ်တွေကို ကြောက်စရာမလိုတော့ကြောင်း၊ သို့တိုင် တရုတ် ယဉ်ကျေးမှုကြီးဟာ လွယ်ကူသက်သာတဲ့ ယန်ဇီမြစ်ဝှမ်းမှာ ပေါ်ထွန်းခဲ့တာ မဟုတ်ဘဲ မြစ်ဝါမြစ်ဝှမ်းမှာ ထွန်းကား ပေါ်ပေါက်ခဲ့တာဖြစ်ကြောင်း ပါမောက္ခ တွိုင်ဘီက ဥပမာပြသွားပါတယ်။

မြေဩဇာကောင်းတဲ့ ဂရိပြည် ဗျူအိုယာနဲ့ ကျောက်တောင် ထူထပ်တဲ့ အတ္တိကာနယ်မှာလည်း သည်အတိုင်းပဲ ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဟာ သဘာဝ ရေမြေကောင်းတဲ့ ဗျူအိုယာမှာ မထွန်းကားဘဲ ကျောက်တောင် ထူထပ်တဲ့ အတ္တိကာပြည်မှာ ထွန်းကားခဲ့ကြောင်း ထပ်ပြီး ဥပမာပြပါတယ်။

သူက နောက်ထပ်ဥပမာ ဆယ့်နှစ်ခုလောက် ထပ်ပြပြီး ထိုးနှက်

mgyoe.com

mgyoe.com SAMPLE BOOK

တိုက်ခိုက်မှုများ၊ ဖိအားများ၊ ပြစ်ဒဏ်ကျရောက်မှုများ Blows pressure and penalizationsကြောင့် အလားတူ တုံ့ပြန်မှုတွေ ပေါ်ပေါက်လာပုံကို ရေးပြပြီးတဲ့နောက် ‘စိန်ခေါ်မှုကြီး ရေးပြပြီးတဲ့နောက် စိန်ခေါ်မှု ကြီးလေလေ၊ တုံ့ပြန်မှု ကြီးလေလေဆိုသည့် သဘောသည် အကန့်အသတ်မရှိ ခိုင်မာတိကျသော နိယာမတရားတစ်ရပ် ဖြစ်လာပေတော့သည်’ ဆိုတဲ့ အယူအဆကို လက်ခံရတော့မလို ဖြစ်တယ်လို့ ဆက်ပြီး ရေးခဲ့ပါတယ်။

ပါမောက္ခ တွိုင်ဘီက ဒီလို အခက်အခဲတွေကြောင့် ယဉ်ကျေးမှုထွန်းကားလာရတဲ့ ခက်ခဲတဲ့တိုင်းပြည် hard countriesဆယ့်လေးပြည်နဲ့ အဲဒီတိုင်းပြည်တွေ ကြုံတွေ့ရတဲ့ သဘာဝအခက်အခဲတွေကို ဒါဇင်ချီပြီး ပြသွားတယ်။ ဒါတွေဟာ သိပ်အရေးမကြီးလှပါဘူး။ ပြီးတော့ သူ ပြောတဲ့ ‘နိယာမ’ ဆိုတာတွေကလည်း စာဖတ်သူတွေက ဒီလိုအဖြစ်အပျက်မျိုးတွေ ရာထောင်ချီပြီး သမိုင်းထဲက တူးဖော်ပြီး သက်သေမပြနိုင်သေးတော့ သူ့နည်းကို အတွေ့အကြုံ အခြေပြုဝါဒ (Empiricism) လည်း ခေါ်ဖို့ မသင့်သေးဘူးလို့ ကျွန်တော် ထင်ပါတယ်။

ကျွန်တော် ပိုပြီး အံ့သြတာက စာရေးဆရာတွေဟာ ‘ခက်ခဲပင်ပန်းတဲ့ တိုင်းပြည်’ တွေကို ဖော်ပြသွားရာမှာ ထူးခြားထင်ရှားတဲ့ ဥပမာနှစ်ခုကိုတော့ ဖော်ပြခြင်း မပြုခဲ့တဲ့ အချက်ပါပဲ။ အဲဒီနှစ်ခုကတော့ ဗင်းနစ်မြို့နဲ့ ဟော်လန်ပြည်တို့ ဖြစ်ပါတယ်။

ဟော်လန်ပြည်နဲ့ ဗင်းနစ်ကို ပင်လယ်က အန်တု စိန်ခေါ်တာထက် ကြီးမားတဲ့ စိန်ခေါ်မှုရယ်လို့ ရှိသေးလို့လား၊ ဆွစ်ဇာလန်ပြည်ကို အဲလိပ်တောင်တန်းကြီးက အန်တု စိန်ခေါ်တာထက် ကြီးမားတဲ့ စိန်ခေါ်မှုရယ်လို့ ရှိသေးလို့လား။ ဒီအတိုင်းဆိုရင် ဟော်လန်၊ ဗင်းနစ်နဲ့ ဆွစ်ဇာလန်ပြည်တို့ရဲ့ တုံ့ပြန်မှုလောက် ကြီးကျယ်ခမ်းနားတဲ့ တုံ့ပြန်မှုမျိုးလည်း ဘယ်မှာရှိနိုင်ပါတော့မလဲ။ ဒီပြည်နယ်သုံးခုဟာ အနောက်ဥရောပမှာ အခက်အခဲအပင်ပန်းဆုံး တိုင်းပြည်တွေပဲ မဟုတ်ဘူးလား။ ဒီလိုဆိုရင် အဲဒီခက်ခဲမှု၊ အဲဒီစိန်ခေါ်မှုတွေဟာ ဘာဖြစ်လို့ အမြင့်မားဆုံးသော ယဉ်ကျေးမှုကို မရခဲ့ကြသလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ပါမောက္ခ တွိုင်ဘီရဲ့ စိန်ခေါ်မှုနဲ့ တုံ့ပြန်မှု ပုံသေကားကျနည်းအရ ဆိုရင် ဒီတိုင်းပြည်တွေဟာ အပြင်းထန်ဆုံး စိန်ခေါ်မှုကို အများဆုံး ကြုံတွေ့ရတဲ့ တိုင်းပြည်များဖြစ်တဲ့အတွက် ခရစ်ယာန်ကမ္ဘာမှာ အခြားသော လူမျိုးများထက် ပိုမိုကြီးမားတဲ့ လူမှုအောင်မြင်ချက်ကြီးတွေကို မရသင့်ပေဘူးလား။

သူတို့တိုင်းပြည်ဟာ 'လှိုင်းလုံးတို့ထဲမှာ ညှစ်ထုတ်ယူထားတဲ့ မြေပထဝီ' လို့ ဒတ်ချ်လူမျိုးတွေ မကြာခဏ ပြောလေ့ရှိကြတယ်။ သူတို့ မြေပြင်ကလေးကို ပင်လယ်လှိုင်းတွေအောက် ရောက်မသွားအောင် သမိုင်းတစ်လျှောက်လုံး ကြိုးစားခဲ့ကြရတဲ့ ရှေးဘိုးစဉ်ဘောင်ဆက်တွေရဲ့ အဖိုးတန် အရည်အချင်းတွေကို ဒတ်ချ်လူမျိုးတိုင်း ရှေးပဝေသဏီကတည်းက ကြားဖူးခဲ့ကြတယ်။ ဒတ်ချ်လူမျိုးတို့ရဲ့ ထူးခြားတဲ့ လူ့အဖွဲ့အစည်း အမျိုးအစားတည်ဆောက်ရာမှာ ဒီအချက်ဟာ အကြောင်းတစ်ပါး ဖြစ်တယ်ဆိုတာကို ဘယ်သူကမှ ငြင်းမှာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဘာဖြစ်လို့ အခြားသော ယဉ်ကျေးမှုတွေထက် သာလွန်ခြင်း မရှိရသလဲ။ ကောင်းပြီ၊ ထားပါတော့။ ပါမောက္ခ တွိုင်ဘီကတော့ ဒီတိုင်းပြည်တွေကို ဘာဖြစ်လို့ ချန်ပစ်ခဲ့ရပါသလဲ။ သူဟာ ယဉ်ကျေးမှုကြီးတွေရဲ့ မူလအစကို ပြောနေတာ ဖြစ်လို့လား၊ ဒါမှမဟုတ် သမိုင်း၏ လေ့လာမှုနယ်ပယ်လို့ သူ ပြောတဲ့ သမိုင်းမှာ စာတင်လောက်သော ယဉ်ကျေးမှုကြီးတွေထဲမှာ မပါလို့လား၊ ဒါမှမဟုတ် သူပြောတဲ့ ယဉ်ကျေးမှုကြီး ၂၁ ခု စာရင်းမှာ မထည့်လောက်လို့လား။ ဒါပေမဲ့ ဟော်လန်ပြည်ရဲ့ ယဉ်ကျေးမှုဟာ အနောက်တိုင်း ယဉ်ကျေးမှုကြီးရဲ့ သေးငယ်တဲ့ အစိတ်အပိုင်းတစ်ခုသာ ဖြစ်တယ်။ ဒါကြောင့်မို့ ဒတ်ချ်လူမျိုးတွေရဲ့ ခက်ခဲတဲ့ မြေပေါ်မှာ ယဉ်ကျေးမှု ပေါ်ပေါက်လာပုံဟာ စာမဖွဲ့လောက်ဘူးလို့ ယူဆသလားလို့ တွေးစရာ ဖြစ်လာပါတယ်။

ဒီလိုဆိုရင် ပါမောက္ခ တွိုင်ဘီဟာ အမှားကို မကြာခဏ ကျူးလွန်ရာ ရောက်ပါလိမ့်မယ်။ အဲဒီအမှားကတော့ သူ အသုံးပြုတယ်ဆိုတဲ့ အတွေ့အကြုံ အခြေပြုနည်းနာကို လိုက်နာကျင့်သုံးခြင်းမပြုတဲ့ အမှား ပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ကဲ ... ထားပါတော့၊ ပါမောက္ခ တွိုင်ဘီဟာ သူ တင်ပြတဲ့ ဥပမာတွေထဲမှာ လူမျိုးတစ်မျိုးရဲ့ ဥပမာကို မပြချင်လို့ ချန်ထားတယ်လို့ပဲ ယူဆကြပါစို့။ နယ်သာလင် လူမျိုးစုကြီးအတွင်းမှာပင်လျှင် ဟော်လန်ပြည်ရဲ့ ယဉ်ကျေးမှုပုံစံဟာ မူလဘူတကျတဲ့ ပုံစံမျိုးမဟုတ်ဘဲ နောက်မှ ကူးပြောင်းပြန့်ပွားလာတဲ့ ပုံစံဖြစ်တယ်လို့ပဲ ယူဆတဲ့အတွက် ချန်ထားခဲ့တယ်လို့ပဲ ယူဆကြပါစို့။ အကယ်၍ သေသေချာချာ လေ့လာမယ်ဆိုလို့ရှိရင် ဥရောပ ယဉ်ကျေးမှုနယ်ပယ်နဲ့ နယ်သာလင် ယဉ်ကျေးမှုနယ်ပယ်ထဲမှာပင်လျှင် ဟော်လန်ပြည် ယဉ်ကျေးမှု ပေါ်ပေါက်လာခြင်းဟာ အတော်အတန် နောက်ကျခဲ့ပြီး ဒီလို နောက်ကျခဲ့ခြင်းဟာလည်း ပင်လယ်နဲ့ မြစ်တွေ၊ ချောင်းတွေကြောင့် နောက်ကျခဲ့ရတာ ဖြစ်ပါတယ်။ နောက်ဆုံးကျမှ ဒတ်ချ်လူမျိုးတွေဟာ ဒီအခက်အခဲတွေကို ကျော်လွှားလာနိုင်တယ်ဆိုရင် ဒီလိုကျော်လွှားနိုင်ခဲ့ခြင်းဟာ ပတ်ဝန်းကျင်မှာရှိတဲ့ အဆင့်မြင့် ယဉ်ကျေးမှုကြီးတွေရဲ့ အကူအညီမပါဘဲ မဖြစ်နိုင်ဘူး။ (ရောမလူမျိုးများရဲ့ သူတို့ရဲ့ တာတမံတည်ဆောက်ရေး အတတ်ပညာဟာ ဒီဒေသမှာ လူတွေ မှီတင်းနေထိုင်နိုင်အောင် လုပ်ရာမှာ အရေးကြီးတဲ့ အခန်းက ပါခဲ့ကြတယ်)

ဒါပေမဲ့ အဲဒီကနဦးအစ ပြီးတဲ့နောက်မှာ ဟော်လန်ပြည် စည်ပင်ဝပြောလာခြင်း၊ ယဉ်ကျေးမှု တိုးတက်လာခြင်းတို့ဟာ ပင်လယ်ရေနဲ့ အဆက်မပြတ် တိုက်ပွဲဝင်နေရလို့ တိုးတက်ထွန်းကားလာတာလို့ ပြောနိုင်မလား၊ ဟော်လန်ပြည် တိုးတက်လာခြင်းဟာ အဲဒီမြေတွေကို ပြုပြင်ပြီး အသုံးချလို့ ရလာတာနဲ့ မြေသြဇာကောင်းနေတာ၊ ရေကြောင်းသွားလာရေးအတတ် ထွန်းကားဖို့ အခြေအနေတွေ ပေါ်ပေါက်လာတာ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်နိုင်မယ့် အခြေအနေတွေ ပေါ်ပေါက်လာတာ စသည်တို့ကြောင့် ယဉ်ကျေးမှု တိုးတက်လာခဲ့တာ မဟုတ်လား။ ဒီတော့ ဟော်လန်ပြည် ယဉ်ကျေးမှု တိုးတက်လာခဲ့တာဟာ ခက်ခဲတဲ့ အခြေအနေတွေရဲ့ စိန်ခေါ်မှုကြောင့်ချည်းပဲလား။ အကြောင်းတစ်ချက်ကိုသာ ပြပြီး အခြားအကြောင်းရင်းတွေကို သီးခြားခွဲထုတ် ချန်ပစ်ခဲ့လို့ မှန်ပါ့မလား။

mgyoe.com

mgyoe.com SAMPLE BOOK

ပါမောက္ခ တွိုင်ဘီ ထုတ်နုတ်ပြတဲ့ အခြားသော သာဓကတွေမှာလည်း အလားတူ ခြွင်းချန်ပစ်ခဲ့တဲ့ အကြောင်းရပ်တွေ ဘယ်လောက်များ ရှိလေမလဲလို့ ကျွန်တော်တို့ စဉ်းစားစရာ ဖြစ်လာတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ရုပ်တန့်သွားသော ယဉ်ကျေးမှု

ဒါတွေကို ကျွန်တော် အကျယ်မပြောတော့ပါဘူး။ အကျယ်ပြောရင် ရှည်လျားနေပါလိမ့်မယ်။ အမှားတစ်ခုကို ထောက်ပြရတာဟာ အမှားကို ကျူးလွန်ရတာထက် ခက်ပါတယ်။ ဒါကို လူတိုင်း သိပါတယ်။ ယေဘုယျကျတဲ့ တစ်ခုကိုပဲ ကျွန်တော် ထောက်ပြပါ့မယ်။ ပါမောက္ခ တွိုင်ဘီက ယဉ်ကျေးမှုကြီးတွေ ပေါ်ထွန်းရာမှာ ထိုးနှက်တိုက်ခိုက်မှု ဟာလည်း အကြောင်းတစ်ပါး ဖြစ်တယ်လို့ ပြောသွားပြီး အဲဒီ ထိုးနှက် တိုက်ခိုက်မှု ဥပမာတွေ တသီတတန်းကြီး ပြသွားတယ်။ သူပြတဲ့ ထိုးနှက် တိုက်ခိုက်မှု ဥပမာတွေဟာ သိပ်ကို ရိုးလွန်း၊ စင်းလွန်း၊ လွယ်လွန်းနေ တယ်။ သမိုင်းကို တင်ပြရာမှာ သိပ်ရိုးလွန်း၊ စင်းလွန်းတဲ့နည်းကို သုံးတာ ဟာ အဆန်းမဟုတ်ပါဘူး။

ပြဿနာတစ်ခုကို ကိုင်တွယ်တင်ပြရာမှာ ဘက်ပေါင်းစုံက တင်ပြ ခြင်းမပြုဘဲ ကိုယ်တင်ပြချင်တဲ့ တစ်ဖက်တည်းကို အလေးတင်း ဖော်ပြ ချင်တဲ့အခါမှာ ဒီနည်းကို သုံးလာကြတာပါပဲ။ သမိုင်းအချက်အလက်တိုင်း အချက်အလက်တိုင်းဟာ သူ့နည်းနဲ့သူ ထူးခြားတဲ့ လက္ခဏာများ ရှိကြ တဲ့အတွက် တစ်ခုနဲ့တစ်ခု ညီမျှခြင်းချပြီး နှိုင်းယှဉ်လို့မရပါဘူး။ (သူ့

mgyoe.com

mgyoe.com SAMPLE BOOK

နည်းနာကို ကန့်ကွက်ချေပကြလိမ့်မယ်ဆိုတာ သိတဲ့အတွက် သူကိုယ်တိုင်ကပဲ ဒီလို ချေပကြလိမ့်မယ်လို့တောင် ထုတ်ပြောခဲ့ပါသေးတယ်) ဒါကြောင့်မို့ သူက သမိုင်းအချက်အလက်များဟာ အချို့သော နေရာမှာ သီးခြားလက္ခဏာရှိတဲ့အတွက် တစ်ခုနဲ့တစ်ခု နှိုင်းယှဉ်လို့ မရကောင်းဘူး။ ဒါပေမဲ့ အချို့သောနေရာများမှာ အမျိုးအစားတူညီနေကြတဲ့အတွက် နှိုင်းယှဉ်လို့ရတယ်လို့တောင် ကြိုတင် ချေပခဲ့သေးတယ်။

သူပြောတာ မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒီလို ညီမျှခြင်းချပြီး နှိုင်းယှဉ်မကြည့်ရင် သမိုင်းနဲ့ဆိုင်တဲ့ ကောက်ချက်တွေကို ဘယ်မှာ ဆွဲထုတ်လို့ ရနိုင်ပါတော့မလဲ။ ဒါပေမဲ့ ဒီလို နှိုင်းယှဉ်လို့ရတဲ့ အချက်တွေလောက်ကို ဆွဲထုတ် နှိုင်းယှဉ်ပြရတဲ့ကိစ္စဟာ တော်တော်ကို ကရိကထ နိုင်တဲ့ အလုပ်ပါ။

သမိုင်းအချက်အလက်တစ်ခုကို အခြေအနေတစ်ခုတည်းက သီးခြား ခွဲထုတ်လို့ ရနိုင်ခဲ့သားကလား။ အခြေအနေကြီးတစ်ရပ်လုံးကို ဘေးဖယ်ပြီး ကိုယ်လိုချင်တဲ့အချက်ကို သီးခြား ဆွဲထုတ်ယူတာမျိုးဟာ သမိုင်းကို ပြောင်းပြန်လှန်ပစ်တာလို့ မပြောချင်ပေမဲ့ သမိုင်းကို ဖျက်ဆီးပစ်တာ အတူတူပါပဲ။ ပါမောက္ခ တွိုင်ဘီဟာ ကောက်ချက်တွေ၊ စစ်တမ်းတွေကို တင်ပြသွားပေမဲ့ စာဖတ်သူ (အထူးသဖြင့် သမိုင်းကို လေ့လာသူတွေ) ကျေနပ်လောက်တဲ့ ဥပမာတွေ၊ အဖြစ်အပျက်တွေကို တစ်ခုမှ မတွေ့ရဘူး။ စာရေးဆရာဟာ ဂရိသမိုင်း၊ အာရေဗျသမိုင်း၊ ဟစ်တိုက်သမိုင်း၊ ကရိတန်သမိုင်း၊ ဂျပန်သမိုင်း စသည်တို့ကို တစ်လျှောက်လုံး ရေးပြသွားလေတော့ သူ့စစ်တမ်း မှန် မမှန်ကို စစ်ဆေးစမ်းသပ်ကြည့်ဖို့ သိပ်ခက်သွားပါတယ်။

ဒီနောက်မှာတော့ ပါမောက္ခ တွိုင်ဘီဟာ သူ့ရဲ့ စိန်ခေါ်မှုသဘောတရားကို အကန့်အသတ်မရှိ ဆက်လက်ဖော်ပြခြင်း မပြုနိုင်တော့ပါဘူး။ ဒါကလည်း ရှင်းပါတယ်။ သူ ပြောသလို အတွေ့အကြုံကို အခြေပြုပြီး စဉ်းစား ရှာဖွေနေစရာ မလိုပါဘူး။ ကျွန်တော်ဟာ ခင်ဗျားခေါင်းကို ထိုးနက်တယ် ဆိုပါစို့။ (စိန်ခေါ်လိုက်တယ် ဆိုပါစို့) ဒီထိုးနက်ချက်ကြောင့် ခင်ဗျား ခွန်အားတွေဟာ ထကြွနိုးကြားလာပြီး ခင်ဗျားကလည်း အားရှိပါးရှိ ပြန်ပြီး တိုက်ခိုက်မှာပဲ။ (တုံ့ပြန်မှု)

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ကျွန်တော့်ရဲ့ ထိုးနှက်ချက်က သိပ်ပြီး ပြင်းထန်လွန်းရင် တုံ့ပြန်ဖို့ ခွန်အားရှိတော့မှာ မဟုတ်ဘူး။ ပါမောက္ခ တွိုင်ဘီ စကားနဲ့ ပြောရရင် ခင်ဗျား ခွန်အားရဲ့ ရေသောက်မြစ်ဟာ ခန်းခြောက်သွားတော့မယ်။

ကမ္ဘာ့လူမျိုးစုတွေရဲ့ ဆက်ဆံရေးမှာလည်း ဒီအတိုင်းပါပဲ။ လူမျိုးတစ်မျိုးရဲ့ စိန်ခေါ်ထိုးနှက်မှုက သိပ် ပြင်းထန်လွန်းရင် တစ်ဖက်မှာ ပြန်လှန်တုံ့ပြန်ဖို့ ခွန်အားမရှိတော့ဘဲ ကျဆုံးသွားရတယ်။ ဒီတော့ ပါမောက္ခ တွိုင်ဘီက ဘာပြောသလဲ။ စိန်ခေါ်မှု အားနည်းရင်လည်း တုံ့ပြန်မှု မဖြစ်ဘူး၊ စိန်ခေါ်မှု ပြင်းထန်လွန်းရင်လည်း တုံ့ပြန်မှု မရှိနိုင်တော့ဘူး။ ဒါကြောင့် အားမကြီးလွန်း အားမနည်းလွန်းတဲ့ စိန်ခေါ်မှုမျိုးသာလျှင် တုံ့ပြန်မှုကို ဖြစ်စေနိုင်တယ်။ ဒါဟာ လောကနိယာမတရား ဖြစ်တယ်လို့ သူက ပြောသွားတယ်။

ဒါကြောင့် သူက ဖိအားပြင်းထန်တဲ့ ထိုးနှက်ချက်တွေအောက်မှာ ကြေပျောက်သွားရတဲ့ ယဉ်ကျေးမှုတွေကို ဥပမာပြပြီးတဲ့နောက် ယဉ်ကျေးမှုတစ်ခု ထွန်းကားရေးဟာ စိန်ခေါ်မှု အားကြီးလွန်းရင်လည်း မဖြစ်ဘူး။ စိန်ခေါ်မှု အားနည်းလွန်းရင်လည်း မဖြစ်ဘူး။ အားမကြီး အားမနည်းလွန်းတဲ့ စိန်ခေါ်မှုမျိုးသာ ဖြစ်သင့်တယ်။ အလယ်အလတ်ကျတဲ့ စိန်ခေါ်မှုမျိုးသာ ဖြစ်သင့်တယ်။ ဒါ့ကြောင့် ယဉ်ကျေးမှုတစ်ခု ပေါ်ထွန်းဖို့အတွက် အလယ်အလတ်ကျတဲ့ စိန်ခေါ်မှုမျိုးသာ ရှိသင့်တယ်လို့ ဆိုပါတယ်။ ဒါကို သူက မဇ္ဈိမရွှေလမ်းစဉ် Golden Mean လို့ ပြောပြီး စာမျက်နှာ ၁၃၀ လောက် ရေးပြသွားပါတယ်။ အိုင်းရစ် ယဉ်ကျေးမှု ပြိုကွဲသွားရတာဟာ စိန်ခေါ်မှုအားကြီးလို့ ဖြစ်တယ်။ အလားတူပဲ အိုက်စလန် ယဉ်ကျေးမှု၊ အာရေဗျ ယဉ်ကျေးမှုတို့ ကျဆုံးသွားရတာဟာလည်း စိန်ခေါ်မှု ပြင်းထန်အားကြီးလို့ ဖြစ်တယ်လို့ ပြောပြီး ဒီလို နိဂုံးချုပ်ထားတယ်။

'လောက၌ သင့်တင့်လျောက်ပတ်ရုံမျှသာ ပြင်းထန်သော စိန်ခေါ်မှုတို့သည် ရှိကုန်၏။ ထိုစိန်ခေါ်မှုမျိုးသည် လူတို့အား အခက်အခဲကို ဖြတ်သန်းကာ တီထွင်ဖန်တီးသော တုံ့ပြန်မှုမျိုးကို စေ့ဆော်၍ ပေး၏။ ထိုမှတစ်ပါး ပြင်းထန် လွန်ကဲသော စိန်ခေါ်မှုတို့လည်း ရှိကုန်၏။ ထိုအခါ၌ လူတို့သည် တုံ့ပြန်ခြင်းငှာ မစွမ်းတော့ဘဲ အရှုံးပေးကြရ၏'

mgyoe.com

mgyoe.com SAMPLE BOOK

လို့ ရေးထားပါတယ်။

အထက်မှာ ကျွန်တော်ပြခဲ့တဲ့ ခေါင်းကိုရိုက်တဲ့ ဥပမာဟာ လွယ်လွယ်ပေးလိုက်တဲ့ ဥပမာ ဖြစ်နေပေမဲ့ သဘောကတော့ သူပြောတဲ့ ဥပမာနဲ့ အတူတူပါပဲ။ ဒါပေမဲ့ ပါမောက္ခ တွိုင်ဘီဟာ ဒီလောက်နဲ့ မကျေနပ်သေးဘူး။ ပြင်းထန်မှု အားနည်းခြင်းနှင့် လွန်ကဲခြင်းကြားရှိ အလယ်အလတ်ကျသော မဇ္ဈိမလမ်းစဉ်ဆိုတဲ့ စောစောက စကားလုံးကို ထပ်သုံးပြီး အဲဒီစကားလုံးကို 'သိပ္ပံနည်းကျ ဝေါဟာရ' လို့ ခေါ်သွားသေးတယ်။

ဒီနောက်မှာတော့ ကျွန်တော်တို့ဟာ ပါမောက္ခ တွိုင်ဘီ သိပ္ပံနည်းကျ ထူထောင်ပေးတဲ့ နိယာမတစ်ခု၊ ဒါမှမဟုတ် သိပ္ပံနည်းကျ ချမှတ်ပေးခဲ့တဲ့ နိယာမတစ်ခုကို ရလာခဲ့ပါတယ်။ ဒီနောက်တော့ကော။ သူ့နိယာမတရားကို ကျွန်တော် ထင်ဟပ် ကျင့်သုံးတဲ့အခါမှာ ဘယ်သမိုင်းရေး အခြေအနေမှာပဲဖြစ်ဖြစ် သူ့နိယာမတရားဟာ ဘက်ပေါင်းများစွာရှိတဲ့ အထဲက တစ်ဖက်တည်းကိုသာ အလေးပေး ရည်ညွှန်းထားတာ တွေ့နေရပါတယ်။

ပြီးတော့လည်း သူပြောတဲ့ မဇ္ဈိမလမ်းကို တွေ့ဖို့အတွက် စိန်ခေါ်မှုဟာ ဘယ်လောက် များပြားမှ ပြင်းထန်လွန်ကဲတယ်လို့ ခေါ်မလဲ၊ ဘယ်လောက် နည်းမှ အားနည်းတယ်လို့ ခေါ်မလဲဆိုတာကို သတ်မှတ်ဖို့ လိုပါသေးတယ်။ သူ့နိယာမတရားဟာ ဒါနဲ့ပတ်သက်လို့တော့ ဘာမှ ပြောဆိုခြင်း မရှိခဲ့ပါဘူး။

ပါမောက္ခ တွိုင်ဘီရဲ့ 'သမိုင်းကို လေ့လာခြင်း' ကျမ်း တတိယတွဲမှာတော့ ယဉ်ကျေးမှုကြီးတွေ ဖွံ့ဖြိုးတိုးတက်လာတာကို ကိုင်တွယ်သုံးသပ်ထားပါတယ်။ ဒီလို သုံးသပ်ခြင်းမပြုမီမှာ သူက သမိုင်းမှာ ရှိခဲ့တဲ့ ရပ်တန့်သွားသော ယဉ်ကျေးမှုကြီး arrested civilizations များ အကြောင်းကို ပြောသွားပါတယ်။

အဲဒီအထဲမှာ လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ ရောနှောနေတဲ့ အစုတွေပါ ပါတယ်။ သူတို့တစ်တွေကတော့ ပိုလီနီရှန်း ယဉ်ကျေးမှု၊ အက်စကီမိုး ယဉ်ကျေးမှု၊ နောမက် ယဉ်ကျေးမှု၊ အိုစမန်းနီးယား Osmania(တူရကီ) ယဉ်ကျေးမှုနဲ့ စပါတန် ယဉ်ကျေးမှုတို့ဖြစ်ပါတယ်။ အဲဒီ ယဉ်ကျေးမှုများဟာ စိန်ခေါ်မှုပြင်းထန် ကြီးမားလွန်းတဲ့အတွက်

mgyoe.com

mgyoe.com SAMPLE BOOK

ခုခံကာကွယ်ဖို့ စနစ်တစ်ခုကို တည်ဆောက်ရင်းနဲ့ ခွန်အားတွေ ကုန်ခန်းသွားကြရတယ်လို့ ဆိုတယ်။

ပိုလီနီရှန်းနဲ့ အက်စကီးမိုး ယဉ်ကျေးမှုတို့ဟာ သဘာဝရဲ့ စိန်ခေါ်မှုကို တုံ့ပြန်ဖို့ ကြိုးစားရင်း အားကုန်သွားခဲ့ကြတယ်။ နောမက်၊ အိုစမန်နီးယားနဲ့ စပါတန် ယဉ်ကျေးမှုကတော့ ကြီးမားများပြားတဲ့ လူမျိုးတွေကို ပေါင်းစည်းဖို့ တောင်းဆိုတဲ့ စိန်ခေါ်မှုကို တုံ့ပြန်ရင်း အားကုန်သွားခဲ့ကြတယ်။ ဒီမှာတင် စိန်ခေါ်မှုနဲ့ တုံ့ပြန်မှုဟာ ဘယ်သူ့ဘယ်သူကမှ အသာစီးမရဘူး၊ သူမသာ ကိုယ်မသာ ချိန်ခွင်ညှာ ညီနေကြတယ်။ ဒါနဲ့အတူ အဲဒီ ယဉ်ကျေးမှုကြီးတွေဟာလည်း ပြိုကွဲခြင်းမရှိ၊ ဖွံ့ဖြိုးခြင်းလည်း မရှိဘဲ ရပ်တန့်သွားကြရတယ်လို့ ပါမောက္ခ တွိုင်ဘီက ဆိုတယ်။

စာရေးဆရာဟာ အဲဒီယဉ်ကျေးမှုကြီး ငါးခုရဲ့အကြောင်းကို ပီပြင်ထင်ရှားစွာ တင်ပြသွားပါတယ်။ ဒါပေမဲ့ သူက ဘယ်လောက်ပဲ ပီပြင်ထင်ရှားအောင် တင်ပြသည်ဖြစ်စေ သူ့ကောက်ချက်ကိုတော့ ဘဝင်ကျစရာ မရှိပါဘူး။ အက်စကီးမိုးလူမျိုးတွေနဲ့ ပတ်သက်လို့တော့ သူ တင်ပြတဲ့ အကြောင်းပြချက်တွေဟာ လက်ခံနိုင်စရာ ရှိပါရဲ့။ ဒါပေမဲ့ အိုစမန်နီးယား (တူရကီ) ယဉ်ကျေးမှုနဲ့ ပတ်သက်လို့တော့ သူ့ အကြောင်းပြချက်တွေဟာ ခိုင်လုံခြင်း မရှိဘူးလို့ ထင်ပါတယ်။ မှန်ပါတယ်။ တူရကီလူမျိုးတွေရဲ့ ကျွန်မင်း ထိန်းနန်းစိုးစံတဲ့ စနစ်၊ သူတို့ရဲ့ ထူးခြားတဲ့ စစ်ဗျူဟာ၊ အထူး လူတန်းစားတစ်ရပ်ဖြစ်တဲ့ ကျွန်လူတန်းစားနဲ့ အခြားတိုင်းပြည်က ပြန်ပေးဆွဲလာတဲ့ သူငယ်တွေက အုပ်စိုးတဲ့စနစ်ဟာ ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်ရေးမှာ အဟန့်အတား ဖြစ်စေနိုင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ သူတို့ ဒီလို အုပ်စိုးခဲ့တာနဲ့ ဘာဖြစ်လို့ ဒီယဉ်ကျေးမှုကြီးဟာ ကာလ အတိုင်းအဆမရှိ ရပ်တန့်သွားခဲ့ရတာလဲ။ ဘာဖြစ်လို့ သူတို့ကို တွန်းလှန် ဖြိုချမပစ်နိုင်ခဲ့ရတာလဲ။ သူတို့မရှိတဲ့နောက်မှာကော ဘာဖြစ်လို့ အိုစမန်နီးယား ယဉ်ကျေးမှုကြီးဟာ ဆက်လက်ရှင်သန် တိုးတက်ခြင်း မရှိခဲ့ရတာလဲ။

အက်စကီးမိုး လူမျိုးတွေရဲ့ ကိစ္စမှာတော့ သူတို့ဟာ အမြဲတစေ မြောက်ဝင်ရိုးစွန်း ပင်လယ်ကြီးကို ရင်ဆိုင် တိုက်ခိုက်နေရတဲ့အတွက်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောင်းလဲနိုင်တဲ့ အခွင့်အလမ်းမရှိလို့ပဲ ထားပါ။ ဒါပေမဲ့ တခြားလူမျိုးတွေရဲ့ ကိစ္စမှာတော့ အခြေအနေဟာ တစ်သမတ်တည်း ဒီအတိုင်း ဖြစ်နေတာ မဟုတ်ဘူး။ ဒါကြောင့် အက်စကီးမိုး ယဉ်ကျေးမှုအတွက် ပုံသေနည်းဟာ တခြားရပ်တန့်သွားတဲ့ ယဉ်ကျေးမှုကိစ္စတွေမှာ ထင်ဟပ် တွက်ချက်လို့ မဖြစ်ဘူးဆိုတာ သိသာနိုင်ပါတယ်။

တခြားကို မကြည့်ပါနဲ့။ ကျွန်တော်တို့ ဘောလ်တစ်ပြည်နယ်တွေမှာ ထွန်းကားခဲ့တဲ့ ဂျာမန် သူကောင်းမျိုးရိုးစနစ်ကိုပဲ ကြည့်ပါ။ ဒီစနစ်ဟာ ဘောလ်တစ်တိုင်းပြည်တွေကို အုပ်ချုပ်လို့ရအောင် စစ်တိုက်ခိုက်ရေးအတွက် အသုံးဝင်အောင် ဖန်တီးတည်ထောင်ထားတဲ့ စနစ်ပါ။ ဒါပေမဲ့ အဲဒီလူမျိုးတွေကို ခရစ်ယာန်အဖြစ်ပြောင်း၊ ဂျာမန်ဇာတ်သွင်းခဲ့ကြတယ်။ ဒါကြောင့် ဂျာမန် သူကောင်းမျိုးရိုးစနစ်ကြီး ပျက်စီး ကျဆုံးသွားတဲ့နောက်မှာ ဒီလူမျိုးတွေဟာ ဂျာမန်ယဉ်ကျေးမှုကြီးထဲကို ရောသွားခဲ့ကြတယ်။ သူတို့ယဉ်ကျေးမှုတွေ ပျက်သုဉ်းပြီး ဂျာမန် ယဉ်ကျေးမှုကြီးထဲကို ရောသွားခဲ့ကြတယ်။

ပါမောက္ခ တွိုင်ဘီ ပြောတဲ့အတိုင်းဆိုရင် ဂျာမန် သူကောင်းမျိုးရိုးစနစ် ကျဆုံးသွားတာနဲ့ ဒီယဉ်ကျေးမှုဟာ ရပ်တန့်တဲ့ယဉ်ကျေးမှု ဖြစ်နေရမယ် မဟုတ်လား။ ဒါကြောင့် ပါမောက္ခ တွိုင်ဘီ ဖော်စပ်တဲ့ ပုံသေနည်းဟာ လူမျိုးများအားလုံး၊ ယဉ်ကျေးမှုများအားလုံးကို ထင်ဟပ်ကျင့်သုံးခြင်း မပြုနိုင်တာကို တွေ့ရတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## ထွက်တော်မူ နန်းကဘွာခန်းနှင့် ပြည်တော်ဝင်ခန်း
## (ဆုတ်ခွာမှုနှင့် ပြန်လာမှု သဘောတရား)

အဲဒီအတွဲ နောက်ပိုင်းမှာ ဖော်ပြထားတဲ့ 'ဆုတ်ခွာခြင်းနှင့် ပြန်လာခြင်း' (withdrawal and return) သဘောတရားဟာလည်း လွန်စွာ ဝေဝါးလွန်းပါတယ်။ 'ဆုတ်ခွာခြင်းနှင့် ပြန်လာခြင်း' သဘောတရား ဆိုတာကတော့ ဖွံ့ဖြိုးနေတဲ့ ယဉ်ကျေးမှုထဲမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကျော်များ၊ လူနည်းစုများက သူတို့ရဲ့ တီထွင်ဖန်တီးတဲ့ အလုပ်ကိုလုပ်ဖို့ ကြိုးစားအားထုတ်တဲ့ လှုပ်ရှားမှုကို ခေါ်တာပါ။ ဥပမာပြတဲ့အနေနဲ့ စာရေးဆရာက တိုင်းပြည်အသီးသီး၊ ခေတ်အသီးသီးက လူပုဂ္ဂိုလ် ၂၇ ဦးတို့ကို ဖော်ပြထားပါတယ်။ အဲဒီအထဲမှာ မင်းညီမင်းသားတွေနဲ့ နိုင်ငံရေး သုခမိန်တွေ၊ သူတော်စင်တွေ၊ သမိုင်းပညာရှိတွေ ပါပါတယ်။

ဒီ ၂၆ ဦး၊ ၂၇ ဦးကို ရွေးချယ်ပြလိုက်ရုံနဲ့ ဘယ့်နှယ်လုပ်ပြီး ပြည့်စုံနိုင်မှာတဲ့လဲ။ ပီတာသည်ဂရိတ် Peter the Great ဘုရင်ကြီးနဲ့ အင်မလီ အော်လီဗီယာ Emile Olivier ကော တကယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ကျော်လားဆိုတာ စဉ်းစားစရာပါ။ စိန့်ပေါ (St.Paul)၊ မက်ခီယာဗယ်လီ (Marchiavelli)၊ ဗုဒ္ဓ (Buddha) နဲ့ ဒန်တေ (Dante) တို့ ကြားမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လိုလုပ်ပြီး ညီမျှခြင်းချလို့ ရနိုင်မှာလဲတဲ့။ သေသေချာချာ ဖတ်လေ သံသယပွားစရာတွေ ပေါ်လာလေလေပါပဲ။

ဒီအခန်းဟာဖြင့် တိကျခိုင်မာတဲ့ နည်းနာတွေနဲ့ ပြုစုထားတာ မဟုတ်ဘူးလို့တောင် ဆိုချင်ပါတယ်။ တချို့ပုဂ္ဂိုလ်တွေ အကြောင်းကို ရေးရာမှာ သူဟာ ကိုင်တွယ်နေတဲ့ ပြဿနာနဲ့ ဘာမှမဆိုင်တဲ့ ကိုယ်ရေးရာဇဝင်ကို အပြည့်အစုံ အသေးစိတ်ရေးထားပြီး အချို့ပုဂ္ဂိုလ်များအကြောင်းကို ရေးရာမှာတော့ အလွန်အကျဉ်းရုံးပြီး ပါလေကာမျှပဲ ရေးထားပါတယ်။

ဒီလို တင်ပြပုံ ခြားနားကွဲပြားနေခြင်းဟာ အလွန်ကို တစ်ဖက်သတ်နိုင်လွန်းရာ ရောက်ပါတယ်။ သူရေးပြတဲ့ အာဇာနည် တိဟိတ်ပုဂ္ဂိုလ်များ အားလုံးမှာ တူညီတဲ့အချက်ကတော့ သူတို့အားလုံးဟာ တစ်ခါမှာ စည်းစိမ်ဥစ္စာ အားလုံးကို စွန့်ပစ်ထွက်ခွာသွားပြီး နောက်တစ်ကြိမ်မှာ ပြန်လာကြတဲ့ အချက်ပါပဲ။ ဒီအချက်ကို ရေးရာမှာတောင် ပါမောက္ခ တွိုင်ဘီရဲ့ တင်ပြပုံဟာ တစ်ဖက်သတ်ဖြစ်နေပါတယ်။ တစ်ယောက်ရဲ့ ထွက်ခွာမှုဟာ မရှောင်မလွှဲသာလို့ ထွက်ခွာပုံမျိုးဖြစ်ပြီး နောက်တစ်ယောက်ရဲ့ ထွက်ခွာမှုကတော့ သူ့အလိုအလျောက် စိတ်ကူးပေါက်ပြီး ထွက်ခွာသွားပုံမျိုး ဖြစ်နေပါတယ်။

ပီတာသည်ဂရိတ် ဘုရင်ကြီးဟာ အသိပညာကို ရှာဖို့အတွက် ထွက်တော်မူ နန်းက ခွာသွားပါတယ်။ ပြန်ရောက်လာတဲ့အခါ သူ့အသိပညာတွေကို လက်တွေ့အသုံးချပြီး တိုင်းပြည်ကို ပြန်လည်အုပ်စိုးပါတယ်။ အင်မလီ အော်လီဗီယာကတော့ ၁၈၇၀ ခုနှစ်နောက်ပိုင်းမှာ သူ့အလိုဆန္ဒအလျောက် တိုင်းပြည်က ထွက်သွားပြီး ကျန်သက်တမ်း တစ်လျှောက်လုံးမှာ နိုင်ငံရေးက ထွက်ထိုင်နေခဲ့ပါတယ်။ ဒုတိယ ပြင်သစ်နိုင်ငံတော်ကြီးရဲ့ ကြေကွဲစရာအဖြစ်ကို တစ်သက်လုံး ယူကျုံးမရ ဖြစ်သွားခဲ့ပါတယ်။ ပြီးတော့ ပြင်သစ်ပြည်ကို ပြန်မလာခင် ဇရာဒုလ္လဘအရွယ်မှာ ဒုတိယ ပြင်သစ်နိုင်ငံတော်ကြီး အကြောင်းကို အတွဲပေါင်းများစွာရှိတဲ့ ကျမ်းကြီး တစ်စောင် ရေးခဲ့ပါတယ်။

ပါမောက္ခ တွိုင်ဘီဟာ ဒဿနဆရာ ကန့် (Emanual Kant) အကြောင်းကိုလည်း ခပ်တိုတို ရေးခဲ့သေးတယ်။ သူက ဒဿနပညာရှင်

mgyoe.com

mgyoe.com SAMPLE BOOK

ကန့်ဟာ ကိုနစ်စဘတ်မြို့မှာ မထင်မရှား နေထိုင်စဉ်အတွင်းမှာ သူ့အတွေး အခေါ်ကတော့ ကမ္ဘာကြီးကို အလင်းရောင်ပေးနေတယ်လို့ ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ကန့်ဟာ ဘယ်လို 'ပြန်လည် ရောက်ရှိလာခဲ့သလဲ' ဆိုတဲ့ အချက် ကိုတော့ ရေးမထားပါဘူး။ ဒီနည်းအားဖြင့် 'ကိုယ် သဘောကျရာ ကိုယ် နှစ်သက်ရာလူကို ပုဂ္ဂိုလ်ကျော် အာဇာနည်တွေရဲ့ စာရင်းမှာ ထည့်ထား သလို ဖြစ်နေပါတယ်။ အာဇာနည် ပုဂ္ဂိုလ်ကျော်တို့ရဲ့ စာရင်းမှာ အလားတူ ပုဂ္ဂိုလ်ကျော်တွေကို ဘာဖြစ်လို့ နောက်ထပ် မထည့်တာလဲ။ ထည့်စရာ ပုဂ္ဂိုလ်ကျော်တွေ အများကြီးပါ။ နှုတ်ဆိတ်သော ဝီလျံဘုရင် (Willian the Silent) (၁၅၆၇–၇၂)၊ နပိုလီယန် (Napolean) (အီဂျစ်ပြည်သို့ ထွက်ခွာခြင်း)၊ လူသာ (Martin Luther)၊ ဝါတင်ဘတ်၊ ဒတ်ချ်စာဆိုကြီး ဂွီဒိုဂျီဇယ် (Guido Gezelle) (နယ်နှင်ခံပြီး မဲဇာကိုအပို့ခံရသူ) စသည် ဖြင့် အများကြီးပါ။ သူတို့တစ်တွေကော ဘာဖြစ်လို့ ပြန်မလာဘဲ အမှန် တရားကို ဆက်လက် ရှာဖွေနေကြသလဲ။ ပါမောက္ခတွိုင်ဘီဟာ အဲဒီပုဂ္ဂိုလ် တွေကို သူ့စာရင်းမှာ မထည့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုဂ္ဂိုလ်ကျော် တိုင်းရဲ့ ဘဝမှာ ဒီလိုထွက်ခွာသွားပြီး ပြန်လာတာပဲလို့ ပြောလို့မရလေ တော့ ပုဂ္ဂိုလ်ကျော်တို့ရဲ့ ဘဝတိုင်းမှာ ဒီလို ပြတ်တောက်သွားတဲ့ကာလ ရှိတယ်လို့ ပြောလို့မရလေတော့ (ဒါကိုတော့ သူကလည်း မပြောခဲ့ပါ ဘူး) သူ့သဘောတရားနဲ့ မကိုက်ညီတဲ့လူကို ပုဂ္ဂိုလ်ကျော်စာရင်းမှာ မထည့်တော့ဘူးပေါ့။

ထွက်ခွာခြင်း၊ ပြန်လာခြင်း မရှိတဲ့ ပန်းချီကျော် Rapheal၊ ဗွန်ဒယ် (Vondel) တို့ကိုတော့ ဘယ်စာရင်းထဲမှာ ထည့်မလဲ။ ကြီးမြတ်တဲ့ မင်း ဧကရာဇ်တွေကိုရော ဘယ်ထဲမှာ ထည့်မလဲ။ ၁၄ ဆက်မြောက် လူဝီဘုရင် (Louis XIV) နဲ့ စိန့်လူဝီ (St. Louis) တို့ကိုကော ဘယ်ထဲမှာ သွား ထည့်မလဲ။ ကောင်းမြတ်သော ဖိလစ်ဘုရင် (Phillip Good) နဲ့ ပဉ္စမ မြောက် ချားလ် (Charles V) ဘုရင်တို့ကိုကော ဘယ်မှာ သွားထည့် မလဲ။ သူတို့ဟာ အာဇာနည်တွေ၊ ပုဂ္ဂိုလ်ကျော်တွေဖြစ်ပေမဲ့ သူ ပြောတဲ့ အတိုင်း 'ဆုတ်ခွာမှုနဲ့ ပြန်လာမှု'တို့ကို မပြုခဲ့ပါကလား။ မျိုးရိုးအလိုက် မင်းဖြစ်ကြသူတွေ ဖြစ်တဲ့အတွက် သူတို့ကိုတော့ ခြွင်းချက်ထားပစ်ခဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ချင်သလား။

ကောင်းပြီ။ ဒီလိုဆိုရင် ဘုရင်ဒီဝစ် (De Witt) ဟာ တစ်လျှောက်လုံး အုပ်စိုးခဲ့ပြီး သူ ဆုတ်ခွာသွားတဲ့အခါ၊ သူ ထွက်တော်မူနန်းက ခွာသွားတဲ့အခါမှာတော့ ဘယ်တော့မှ ပြန်မလာတော့ပါကလား။ ရှိတ်စပီးယားဟာလည်း ထွက်ခွာသွားပြီးတဲ့နောက်မှာ ဘယ်တော့မှ ပြန်မလာတော့ပါကလား။ ဘုရင် ဒီဝစ်ဟာ သူများလက်ချက်နဲ့ အသက်သေဆုံးခဲ့ရတယ်။ ရှိတ်စပီးယားကတော့ ဆုတ်ခွာသွားပြီး သူ ကွယ်လွန်ခါနီးနှစ်များမှာ ပြန်မလာတော့ဘဲ ကျေးလက် လူကုံထံတစ်ဦးအနေနဲ့ မထင်မရှား ကွယ်လွန်သွားခဲ့တယ် မဟုတ်လား။ ဒီဖြစ်ရပ်တွေမှာကော ကျွန်တော်တို့ ဘယ်နိယာမနဲ့ စံထိုးကြည့်ရမှာလဲ။

လူနည်းစုတွေ (လူမျိုးတစ်မျိုး သို့မဟုတ် လူတစ်စု) အကြောင်းကို တင်ပြသွားခဲ့အခါမှာ သူ့ရဲ့ 'ဆုတ်ခွာမှုနဲ့ ပြန်လာမှု' သဘောနဲ့ မကိုက်တာတွေကို ကျွန်တော်တို့ တွေ့နေရတယ်။ တချို့သော လူနည်းစုများဟာ ဆုတ်ခွာပြီး အေးဆေးနေချိန်မှာ တစ်စုံတစ်ခုသော ခွန်အားတွေကို ရလာခဲ့ကြောင်း အဲဒီတုန်းမှာ သူတို့ဟာ ပိုပြီး အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်လှုပ်ရှားဖို့အတွက် သူတို့ကိုယ်သူတို့ အားဖြည့်ခဲ့ကြကြောင်း တင်ပြသွားတယ်။

ဒီလိုတင်ပြဖို့အတွက် သူက ရာဇဝတ်ပြစ်ဒဏ် ခံရတဲ့ လူနည်းစုတွေအကြောင်းကို ဥပမာဆောင်သွားတယ်။ ဥပမာအားဖြင့် ၁၇ ရာစုနှစ်အလယ်ပိုင်းမှာ အရေးကြီးတဲ့အခန်းက ပါခဲ့ကြတဲ့ အင်္ဂလန် သာသနာအယူကွဲဂိုဏ်းဝင် Non Conformists များဟာ နိုင်ငံရေးနယ်က 'ထွက်ခွာသွား' ခဲ့ကြပြီးတဲ့နောက် (နယ်ပယ်အားလုံးမှာ ဝိုင်းပယ်ခံခဲ့ကြရပြီးတဲ့နောက်) စီးပွားရေးလောကထဲကို ဆုတ်ခွာသွားခဲ့ကြတယ်။ နောက်ပိုင်းမှာ သူတို့တစ်တွေဟာ အရေးကြီးတဲ့ ရှေ့ဆောင်အခန်းကို ပြန်ရောက်လာကြပြီး စက်မှုတော်လှန်ရေးကြီးကို ရှေ့ဆောင်သူတွေ ဖြစ်လာခဲ့ကြတယ်လို့ ပါမောက္ခ တွိုင်ဘီက ထောက်ပြသွားတယ်။

သူ ပြောတဲ့အချက်ဟာ မှန်ပါတယ်။ ဒါကို ဘာမှ သံသယရှိစရာ မလိုပါဘူး။ ဒတ်ချ်လူမျိုးတွေရဲ့သမိုင်းမှာလည်း အလားတူ ဥပမာတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိခဲ့ဖူးပါတယ်။ သမ္မတနိုင်ငံခေတ် ကုန်ဆုံးကာလမှာ ဒတ်ချ် နှစ်ခြင်း ဘာသာဝင် ဘက်ပတစ်များဟာ အစိုးရအုပ်ချုပ်ရေးနယ်ပယ်က လွင့်စဉ် သွားကြပေမဲ့ နောက်ပိုင်းမှာ စီးပွားရေးနယ်ပယ်ကို လွှမ်းမိုးချုပ်ကိုင်နေတဲ့ အရင်းရှင်ကြီးတွေ ဖြစ်လာခဲ့ကြပါတယ်။ ဒတ်ချ်လူမျိုး ကက်သလစ်ဘာသာ ဝင်တွေကို ကြည့်လိုက်ရင်လည်း ဒီအတိုင်းပါပဲ။ သူတို့ဟာ နိုင်ငံရေး လှုပ်ရှားမှုတွေထဲကို ပါဝင်ခွင့်မရဘဲ အကြဉ်ခံခဲ့ကြရပြီး စီးပွားရေးလောက မှာတောင် အရေးကြီးတဲ့အခန်းက ပါဝင်ခွင့်မရဘဲ ဖြစ်ခဲ့ကြရတယ်။

ဒါပေမဲ့ ဒီနေ့ ဟော်လန်ပြည် ရှုခင်းကို ပြန်ကြည့်လိုက်တဲ့အခါမှာ သူတို့ဟာ နိုင်ငံရေးနယ်မှာ တရိပ်ရိပ် ဩဇာကြီးလာနေတာကို တွေ့နေ ရပါတယ်။ ဒါဟာ သူတို့တစ်တွေ ဝိုင်းပယ်ခံရတာကို သင်ခန်းစာယူပြီး အတိတ်တုန်းက သူတို့ရဲ့ ညီညွတ်ရေး၊ သူတို့ရဲ့ အဖွဲ့အစည်းကို တန်ဖိုး ထားလာတတ်ကြလို့ အရင်တုန်းကလို အကွဲအပြဲတွေကို ရှောင်ကွင်းနိုင်ခဲ့ ကြလို့ ဖြစ်ပါတယ်။ ဒါ ဒီလို ပြန်လည်ရှင်သန်လာတာဟာ တခြားကြောင့် မဟုတ်ပါဘူး။ ကက်သလစ် ဘာသာတရားမှာ အစဉ်အဆက် ရှိခဲ့တဲ့ ထူးခြားတဲ့ လက္ခဏာချက်ကြောင့် မဟုတ်ဘူးလား။ ဂျာမန် သာသနာ ပြုပြင်ရေးဂိုဏ်း Reformation ရဲ့ စိန်ခေါ်မှုကို တုံ့ပြန်ခဲ့တာဟာ ကက်သလစ် သာသနာဂိုဏ်းရဲ့ တက်ကြွတဲ့ အစဉ်အလာကြောင့် မဟုတ် ဘူးလား။

ဒါကိုကြည့်ပြီး ပါမောက္ခတွိုင်ဘီရဲ့ ဝေါဟာရဖြစ်တဲ့ 'စိန်ခေါ်မှုနဲ့ တုံ့ပြန်မှု' ဆိုတဲ့ စကားလုံးကို ချက်ချင်း သွားပြီး အမှတ်ရမိကြပါလိမ့် မယ်။ ဒါပေမဲ့ သူ့သဘောတရားဟာ ဒီမှာတင်ပဲ အဆုံးသတ်သွားပါတယ်။ ဒီလောက်အထိပဲ သူ့သဘောတရားနဲ့ ကိုက်ညီပါတယ်။ ကျန်တဲ့အချက် တွေမှာတော့ ကိုက်ညီခြင်း မရှိတော့ပါဘူး။ ဥပမာ၊ အဲဒီ လူနည်းစုတွေရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေမှာ တချို့က နှေးကွေးပြီး၊ တချို့က မြန်တယ်။ တချို့က အားကောင်းပြီး တချို့က အားနည်းတယ်။ တချို့က ဒီဦးတည် ချက်ကို သွားပြီး တချို့က တခြား ဦးတည်ချက်ဆီကို သွားတယ်။ ဒါတွေ ကိုတော့ ဘယ်လိုပြောမလဲ။ ခြွင်းချက်တွေလို့ ပြောမလား။

လူနည်းစုတွေမှေးမှိန်သွားပြီး (ထွက်ခွာမှု) ဖြစ်ပေါ်လာတာ (ပြန်

mgyoe.com

mgyoe.com SAMPLE BOOK

လာမှု) ကို ဥပမာပေးတဲ့နေရာမှာ သူက အင်္ဂလန်ပြည်က အင်္ဂလန်သာသနာ အယူကွဲ ဂိုဏ်းဝင်သူတွေကို ဥပမာပေးသွားပါတယ်။ ဒါက သူ့ပုံသေနည်းနဲ့ ကိုက်ညီနေတာကိုး။ သူ့ပုံသေနည်းနဲ့ မကိုက်တဲ့ အင်္ဂလန်ပြည်က ကက်သလစ်တွေကိုကော ဘာဖြစ်လို့ ဥပမာ မပေးသလဲ။ အင်္ဂလိပ် ကက်သလစ်တွေဟာ လူ့အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုထဲက အကြွင်းခံလိုက် ရပြီးတဲ့နောက် (ထွက်ခွာမှု) ပြီးတဲ့နောက် 'ပြန်လာ' တဲ့အခါမှာ ဘယ်မှာ အရင်တုန်းကလို ထင်ရှားတဲ့ နေရာမှာရှိတော့လို့လဲ။

ပါမောက္ခတွိုင်ဘီဟာ လူနည်းစုတွေရဲ့ ထွက်ခွာမှုနဲ့ ပြန်လာမှု တို့ကို ပြတဲ့နေရာမှာ ဟယ်လင်းနစ် Hellenic(ဂရိ) သမိုင်းနဲ့ အနောက် တိုင်းသမိုင်းတို့ကို နှိုင်းယှဉ်တင်ပြဖို့ ကြိုးစားခဲ့တယ်။ သူ့အမြင်မှာလည်း ဟယ်လင်းနစ် သမိုင်းနဲ့ (အနောက်တိုင်း) အီတလီ သမိုင်းတို့ဟာ တူညီ ချက်တွေ ရှိတယ်လို့ ယူဆတယ်။ (ဒီလို ယူဆသူဟာ သူက ပထမတော့ မဟုတ်ပါဘူး။ အရင် သမိုင်းဆရာတွေလည်း ဒီနှစ်ခုကို တူညီတယ်လို့ ယူဆခဲ့ကြဖူးပါတယ်) အေသင်မြို့တော်ကြီးဟာ ဟယ်လင်းနစ်လူမျိုး တွေကို ပညာသင်ပေးရာ ကျောင်းတော်ကြီးဖြစ်တယ်လို့ ယူဆတယ်။ ဟယ်လင်းနစ် ယဉ်ကျေးမှုဟာ ခရစ်တော်မပေါ်မီ ရှစ်ရာစုနဲ့ ခြောက်ရာစု ကြားမှာ ရှခင်းက 'ဆုတ်ခွာ' သွားတယ်လို့ သူက မြင်တယ်။ အဲဒီလူ့အဖွဲ့ အစည်း နှစ်ခုစလုံး၊ လူနည်းစု နှစ်ခုစလုံးဟာ ဒီလိုဆုတ်ခွာသွားချိန်မှာ နိုင်ငံခြား တိုင်းပြည်များနဲ့ စစ်ခင်းခြင်း၊ ဆက်ဆံခြင်း မပြုဖြစ်တော့ဘဲ သူတို့ လူ့အဖွဲ့အစည်းအတွင်းက ပြဿနာကို ဖြေရှင်းနေခဲ့ကြတယ်လို့ ဆိုသွားတယ်။

တော်တော် ဝေးလံလှတဲ့ နှိုင်းယှဉ်ချက်ပါကလား။ ပါမောက္ခ တွိုင်ဘီဟာ သူ့သဘောတရားနဲ့ ညီအောင် အနောက်ဥရောပသမိုင်းကြီး တစ်ခုလုံးကို ပုံသွင်းနေပါကလား။

အီတလီ ခေတ်သစ်နိုင်ငံတော်များ ပေါ်ထွန်းလာခဲ့တဲ့အကြောင်း၊ အီတလီရဲ့ ခေတ်သစ်နိုင်ငံတော်ပုံစံဟာ မြေရှင်ပဒေသရာဇ်အောက်က လွတ်မြောက်အောင် ရုန်းကန်တိုက်ခိုက်နေတဲ့ အနောက်ဥရောပအတွက် စံပြဖြစ်လာခဲ့တဲ့အကြောင်း သူ တင်ပြခဲ့တယ်။ ဒီစစ်တမ်းကို တင်ပြချင်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပါမောက္ခ တွိုင်ဘီက အေသင်နဲ့ အီတလီဟာ 'ဆုတ်ခွာခြင်း၊ ပြန်လာခြင်း ပုံသဏ္ဍာန်တူကြတယ်' လို့ ပြောသွားပါတယ်။

အမှန်ကတော့ ခေတ်သစ်နိုင်ငံတော်တွေရဲ့ ရှေ့ပြေးအဖြစ် မြို့ပြနိုင်ငံ city states တွေ ပေါ်ပေါက်လာတာဟာ ဥရောပမှာ အီတလီ တစ်ပြည်တည်း မဟုတ်ပါဘူး။ ဂျာမနီနဲ့ ဟော်လန်တို့မှာလည်း ပေါ်လာခဲ့ကြတာပါပဲ။ သူကိုယ်တိုင်ပင်လျှင် သူ့ကျမ်းထဲမှာ 'အနောက်တိုင်း၏ မြေရှင်ပဒေသရာဇ်စနစ် အမှောင်တိုက်အတွင်း၌ မြို့ပြနိုင်ငံတည်းဟူသော ကြယ်နက္ခတ်တာရာများသည် ထူထပ်စွာ ထွန်းလင်း တောက်ပခဲ့ပေ၏' လို့တောင် ရေးခဲ့သေးတယ် မဟုတ်လား။

ဒါပေမဲ့ တွိုင်ဘီဟာ လူနည်းစုရဲ့ 'ထွက်ခွာမှုနဲ့ ပြန်လာမှု' ဆိုတဲ့ သဘောတရားကို ထူထောင်ချင်တော့ အီတလီပြည် တစ်ပြည်တည်းကိုပဲ ဆွဲထုတ် သက်သေပြခဲ့တယ်။ သူက 'တီထွင်ဖန်တီးသော လူနည်းစုတစ်စု သည် နိုင်ငံရေးနယ်ပယ်မှ ရှန်းထွက်ခဲ့ပြီးနောက် မြို့ပြတံတိုင်းများ တည်ဆောက်ကာ ထိုတံတိုင်း မဟာရံအတွင်းတွင် မိမိတို့၏ ဘဝသစ်ကို တည်ဆောက်ခဲ့ကြပေ၏'လို့ ရေးခဲ့ပါတယ်။

မှန်ပါတယ်၊ မြို့ပြနိုင်ငံတွေ ထူထောင်ရာမှာ အီတလီဟာ အဆုံးအဖြတ်ကျတဲ့ အခန်းက ပါခဲ့တယ်ဆိုတာကို မငြင်းလိုပါဘူး။ ဒါပေမဲ့ ပါမောက္ခ တွိုင်ဘီကတော့ ဒီလောက်နဲ့မရပ်ဘဲ အီတလီပြည်ရဲ့ 'ပြန်လာမှု'လို့ ကောက်ချက်ဆွဲချလိုက်ပါတယ်။ ဒီတော့ ပါမောက္ခ တွိုင်ဘီဟာ ဥရောပတိုက်ကြီး တစ်တိုက်လုံးနဲ့အညီ ဖြစ်ပေါ်နေတဲ့ တိုးတက်မှုကို သေးသိမ်အောင်လုပ်ရာ မရောက်ပေဘူးလား။ အီတလီပြည်ရဲ့ 'ပြန်လာမှု' ကို ကြီးကျယ်ခမ်းနားအောင်၊ ထင်ရှားအောင် ပြချင်တဲ့အတွက် အခြားသော တိုင်းပြည်များကို ချန်လှပ်ပစ်ခဲ့ပြီး အီတလီတစ်ခုတည်းကို ဥပမာပေးရာ ရောက်မနေပေဘူးလား။

ဒါပေမဲ့ ပါမောက္ခတွိုင်ဘီရဲ့ ပုဂ္ဂိုလ်ကျော်များနဲ့ လူနည်းစုများရဲ့ 'ဆုတ်ခွာမှုနဲ့ ပြန်လာမှု' သဘောတရားဟာ ဒီမှာတင် ရပ်မနေသေးပါဘူး။ ဟော်လန်၊ ဆွစ်ဇာလန်နဲ့ အင်္ဂလန်တို့ကိုလည်း ဥပမာပြသွားပါသေးတယ်။ ၁၆ စုနှစ်က အစပြုခဲ့တဲ့ ဥရောပသမိုင်းရဲ့ အခန်းသစ်မှာ ကျွန်တော်တို့

mgyoe.com

mgyoe.com SAMPLE BOOK

စဉ်းစားရမယ့် ပြဿနာက အနောက်ကမ္ဘာကြီးတစ်ခုလုံးဟာ အီတလီနဲ့ ဒတ်ချ်လူမျိုးတို့ ဘုရင့် မြို့ပြနိုင်ငံသစ်တွေကို ဘယ်လို ထူထောင်ခဲ့ကြသလဲဆိုတဲ့ ပြဿနာ ဖြစ်ပါတယ်။ 'ယင်းစိန်ခေါ်မှုကို ဆွစ်ဇာလန်၊ ဟော်လန်နှင့် အထူးသဖြင့် အင်္ဂလန်ပြည်တို့က တုံ့ပြန်ခဲ့ကြတာ နောက်ဆုံးတွင် အင်္ဂလိပ်ပုံစံသည့် စံပြ ဖြစ်လာခဲ့ပေ၏'လို့ သူက ရေးခဲ့ပါတယ်။

ဒီအဖြေက တော်တော့်ကို တစ်ဖက်သတ်ကျ ကိုယ်ရေးကိုယ်တာဆန်တဲ့ အဖြေ။ အလယ်ခေတ်လွန် ဥရောပသမိုင်းကို ကြည့်ရာမှာ အလွန်မပြည့်စုံတဲ့ အဖြေ။ သူ့ရဲ့ ဆုတ်ခွာမှုနဲ့ ပြန်လာမှု သဘောတရားနဲ့ ကိုက်အောင် ဖွတ်လုပ်ထားတဲ့အဖြေလို့ပဲ ကျွန်တော် ပြောချင်ပါတယ်။ ဒီတစ်ချိန်မှာ ပါမောက္ခတွိုင်ဘီက ဘယ်လိုများ သဘောတရားနဲ့ ကိုက်ညီအောင် ပုံသွင်းပါသလဲ။ သူက ရေကာတာတွေ ဝိုင်းရံနေတဲ့ ဟော်လန်ပြည်၊ အဲလိပ်တောင်တန်းကြီးတွေ ဝိုင်းရံနေတဲ့ ဆွစ်ဇာလန်ပြည်၊ ရေလက်ကြား ဝိုင်းရံနေတဲ့ အင်္ဂလန်ပြည်တို့ဟာ အထီးတည်းနေရတဲ့ တိုင်းပြည်များ (သီးခြားကမ္ဘာကြီးနဲ့ မဆက်ဆံဘဲ ဆုတ်ခွာနေတဲ့ တိုင်းပြည်များ) ဖြစ်တယ်တဲ့။ ဒီနည်းအားဖြင့် သူတို့ဟာ ဥရောပကမ္ဘာကြီး တိုးတက်ရေးအတွက် ပြင်ဆင်ရင်း အထောက်အကူပြုနေကြတယ်တဲ့။

ဒါပေမဲ့ ဟော်လန်နဲ့ ဆွစ်ဇာလန်တို့ကိစ္စမှာ ခုလို သီးခြားဆုတ်ခွာနေခြင်းဟာ ရေရှည်မှာ များစွာ အကျိုးမဖြစ်ထွန်းစေခဲ့ပါဘူးတဲ့။ အင်္ဂလန်တစ်ခုတည်းသာလျှင် ဥရောပကမ္ဘာကြီးကို အကျိုးဖြစ်ထွန်းစေခဲ့တယ်လို့ ပြောသွားတယ်။ (ဒီနေရာမှာ စကားကြုံလို့ ပြောချင်တာတစ်ခု ရှိပါတယ်။ ပါမောက္ခ တွိုင်ဘီက 'ဆုတ်ခွာသွားတဲ့' တိုင်းပြည်တွေထဲမှာ ဟော်လန်ကို ထည့်ထားပါတယ်။ အမှန်ကတော့ ဟော်လန်ပြည်ဟာ အဲဒီအချိန်၊ အဲဒီခေတ်လောက်တုန်းက 'ဆုတ်ခွာသွားတယ်' ဆိုတဲ့ ပြဿနာ၊ ထီးတည်းနေတယ်ဆိုတဲ့ ပြဿနာ မပေါ်ခဲ့ပါဘူး။ အဲဒီအချိန်လောက်တုန်းက အမ်စတာဒမ်မြို့ဟာ နိုင်ငံတကာဘဏ်လုပ်ငန်းရဲ့ ဗဟိုချက်မကြီးပါ။ ဒတ်ချ် ကုန်သင်္ဘောများဟာ ကမ္ဘာ့ပင်လယ်ပြင်တွေမှာ ကြီးစိုးနေတဲ့ အချိန်ပါ။ ဒတ်ချ်တွေရဲ့ သံတမန်ပရိယာယ်ဟာလည်း ကြွယ်ဝပြီး အလွန်အောင်မြင်နေတဲ့ အချိန်ပါ။ ဒါတင်မကဘူး။ ဒတ်ချ်လူမျိုးတွေရဲ့ အသိ

mgyoe.com

mgyoe.com SAMPLE BOOK

ပညာဟာလည်း ထွန်းကားနေတဲ့အချိန်ပါ။ ပြီးတော့လည်း ဒီတိုင်းပြည် နှစ်ပြည်စလုံးဟာ ထင်ရှားပြီး နမူနာပြလောက်တဲ့ မြို့ပြနိုင်ငံတွေ မဟုတ်ပါဘူး)

ဒီတော့ ပါမောက္ခ တွိုင်ဘီပြတဲ့ ဥပမာထဲက အင်္ဂလန်ရဲ့ ဥပမာကိုပဲ ဆွေးနွေးပါ့မယ်။ ပါမောက္ခ တွိုင်ဘီက အင်္ဂလန်ပြည်ရဲ့ အစိုးရဖွဲ့စည်းမှု ပုံသဏ္ဍာန် (အုပ်ချုပ်ရေးစနစ်) ဟာ ထူးခြားတဲ့ ပုံသဏ္ဍာန်ဖြစ်တဲ့အကြောင်း၊ ဒီစနစ်ဟာ ဆယ့်ကိုးရာစုနှစ်နောက်ပိုင်း ကမ္ဘာကြီးမှာ ကြီးစွာ ဩဇာလွှမ်းမိုးခဲ့ကြောင်း၊ ဒီလို ဩဇာလွှမ်းမိုးနိုင်ခဲ့တာဟာလည်း အင်္ဂလန်ရဲ့ လုံခြုံတဲ့ အခြေအနေ (ဆုတ်ခွာပြီး အထီးတည်းနေမှု) ကြောင့်သာ ဖြစ်ကြောင်း ပြောခဲ့ပါတယ်။ ဒီအချက်ဟာ ခုအချိန်မှာ ခေတ်စားပြီး အားလုံးက လက်ခံထားတဲ့ အချက်လည်း ဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော် အငြင်းမပွားလိုပါဘူး။

ဒါပေမဲ့ ဒီအကြောင်း တစ်ကြောင်းတည်းကြောင့်တော့ မဟုတ်ပါဘူး။ တခြားအကြောင်းတွေ အများကြီး ရှိပါတယ်။ တီထွင်ဖန်တီးတတ်တဲ့ လူနည်းစုကလေးတစ်စု (လူမျိုးတစ်မျိုး) က ချောင်းကလေးတစ်ချောင်းထဲမှာ တိတ်ဆိတ်စွာ ဆုတ်ခွာသွားပြီး ကမ္ဘာကြီးတစ်ခုလုံးရဲ့ တိုးတက်ရေးကို ဖန်တီးတယ်ဆိုတာမျိုးကတော့ ပုံကြီးချဲ့လွန်းရာ ရောက်တယ်လို့ ထင်ပါတယ်။ ပါမောက္ခတွိုင်ဘီဟာ ဒီလောက်နဲ့ ရပ်မနေသေးဘဲ စနစ်ကြီး တစ်ခု၊ ပုံစံတစ်ခုအဖြစ် တည်ဆောက်ဖန်တီးပြပြီး အခြားသော ယဉ်ကျေးမှုများမှာလည်း ဒီအတိုင်းပဲ ဖြစ်တယ်လို့ ဆိုတာကတော့ဖြင့် အလွန်အကျွံ ဆိုလွန်းရာလည်း ရောက်ပါတယ်။

ပါမောက္ခတွိုင်ဘီက ဆက်လက်ပြောပါသေးတယ်။ အင်္ဂလိပ်လူမျိုးဟာ မိမိတို့ရဲ့ အလိုဆန္ဒနဲ့ ဆန့်ကျင်ပြီး ဥရောပတိုက်ရဲ့ အရေးအခင်းထဲကို ပါဝင်ခွင့်မရှိဘဲ ရှောင်ထွက်ခဲ့ရကြောင်း ဒီအချိန်ဟာ ပဋ္ဌမမြောက် ဟင်နရီဘုရင် နတ်ရွာစံတဲ့ ၁၄၂၉ ကနေပြီး ဂျုံးအော့အခ် ဝင်ရောက်ဖျက်ဖြေလို့ နှစ်တစ်ရာစစ်ပွဲ တစ်မျိုးတစ်ဖုံ လမ်းကြောင်းပြောင်းသွားတဲ့ အချိန်နဲ့ မေရီဘုရင်မကြီးလက်ထက် ကာလက မြို့ကို ဆုံးရှုံးလိုက်ရတဲ့ ၁၅၅၈ ခုနှစ် ကြားကာလလို့ သူက ညွှန်းထားပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်လူမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ဟာ ဒီလိုဆုတ်ခွာပြီး အထီးတည်းနေရတာကိုက သူတို့အတွက် 'အဆိုးထဲက အကောင်း' လို့ ယူဆခဲ့ကြပြီး နောက်မှာ အင်္ဂလန်ပြည်ကို ဥရောပတိုက်အင်ပိုင်ယာကြီးထဲ ဆွဲသွင်းဖို့ ကြိုးစားခဲ့ကြတဲ့ ဒုတိယမြောက် ဖိလစ်ဘုရင်၊ ၁၄ ဆက်မြောက် လူဝီဘုရင်နဲ့ နပိုလီယန်တို့ရဲ့ ကြိုးပမ်းမှုများကို တွန်းလှန်နိုင်ခဲ့ခြင်းဖြင့် အင်္ဂလိပ်လူမျိုးဟာ အထီးတည်းနေပြီး 'ဆုတ်ခွာခဲ့ကြောင်း' နဲ့ ပါမောက္ခ တွိုင်ဘီက ဆက်လက်ပြောပါတယ်။

ဒီလိုဆိုရင် ကျွန်တော် မေးချင်ပါတယ်။ အင်္ဂလိပ်လူမျိုးဟာ ဆိုခဲ့တဲ့ စစ်ပွဲတွေအတွင်းမှာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းကာကွယ်ရေးဆိုတဲ့ သဘာဝကျတဲ့ စိတ်ဓာတ်နဲ့ ကိုယ့်လူမျိုး တည်တံ့အောင် ကြိုးပမ်းနေရင်း တစ်ဖက်မှာလည်း သူ့ကျွန်းကလေး အပြင်ဘက်မှာ သူ့အာဏာစက် ပြန့်သွားအောင် မကြိုးစားခဲ့ဘူးလား။ တကယ်လို့ သူပြောတဲ့ 'ဆုတ်ခွာမှု' ဆိုတာ ရှိခဲ့တယ်ဆိုရင်လည်း အဲဒီဆုတ်ခွာမှုဟာ ၁၆ ရာစု၊ ၁၇ ရာစုနဲ့ ၁၈ ရာစုများမှာ အဲဒီ စစ်ပွဲတွေထဲမှာ ပါဝင်ပတ်သက်ခြင်း မရှိအောင် ရှောင်ပြီး အထီးတည်းနေတာလောက်ပဲ ရှိတယ် မဟုတ်လား။

ဥရောပတိုက်မှာ သူ့ညြဇာ ကျဆုံးသွားတာ၊ သူ့ပိုင်နက်တွေ ဆုံးရှုံးသွားတာကို အင်္ဂလန်ဟာ အထီးတည်း ဆုတ်ခွာနေခဲ့တယ်ဆိုရင် ဘာဖြစ်လို့ ပြင်သစ်ကို တိုက်ခဲ့ရသလဲ၊ ကရွမ်းဝဲ (Cromwell) ဟာ ဘာဖြစ်လို့ ဒန်းကက်ကို သိမ်းခဲ့ရသလဲ။ နောက်မျိုးဆက် တစ်ဆက်အကြားမှာ ဘာဖြစ်လို့ ဂျီဘရော်တာရေလက်ကြားကို သိမ်းခဲ့ရသလဲ။ မော်လတာကျွန်းကို ဘာဖြစ်လို့ သိမ်းပိုက်ခဲ့ရသလဲ။ ဒီသိမ်းပိုက်မှုတွေဟာ သူ တစ်ဦးတည်း အထီးတည်းနေဖို့၊ ဆုတ်ခွာဖို့၊ တိုက်ခိုက်သိမ်းပိုက်ခဲ့တာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။

ပါမောက္ခ တွိုင်ဘီဟာ သူ့ရဲ့ ဆုတ်ခွာမှုနဲ့ ပြန်လာမှု သဘောတရားကို တည်ဆောက်ပြဖို့အတွက် ဒီအချက်တွေကို သက်သေပြခဲ့တယ်။ အင်္ဂလန်ပြည်က ဒီလို ဆုတ်ခွာပြီး အထီးတည်းနေတဲ့အခါမှာ အဆင့်နှစ်ဆင့် ရှိတယ်လို့ သူက ခွဲပြတယ်။ ပထမအဆင့်က အထီးတည်းနေထိုင်ကာစ နုပျိုတဲ့ ပထမအဆင့်။ အဲဒီအဆင့်မှာ နုပျိုတဲ့ အင်္ဂလိပ်ကဗျာလင်္ကာ၊ စာပေ၊ စိတ်ဓာတ်တက်ကြွမှုနဲ့ အသိပညာ နိုးကြားမှုကြီး

mgyoe.com

mgyoe.com SAMPLE BOOK

တွေ ပေါ်ပေါက်လာတဲ့ အဆင့်။ ဒုတိယအဆင့်မှာ သို့မဟုတ် တည်ဆောက်ရေးအဆင့်မှာ အတော်အတန် ရင့်ကျက်ကြီးထွားလာပြီး 'အရွယ်ရောက်လာတဲ့' စကားပြေထွန်းကားမှု၊ လက်တွေ့ဆန်လာမှု၊ စဉ်းစားချင့်ချိန်မှုနဲ့ စနစ်တကျဖြစ်မှုတို့ ပေါ်ထွန်းလာတဲ့ အဆင့်ရယ်လို့ သူ ခွဲပြတယ်။ အီတလီမှာတော့ ကဗျာစာဆိုကြီး ဒန်တေ (Dante) နဲ့ စာရေးဆရာကြီး ဘာကေးရှိုး (Boccaccio) တို့ ပေါ်ပေါက်လာတဲ့ ရင့်ကျက်လာတဲ့ အဆင့်လို့ ခွဲပြတယ်။ (အမှန်ကတော့ ဒန်တေရဲ့ လက်ရာကြီးတွေဟာ နုပျိုတဲ့ ခံစားချက်နဲ့ စိတ်ကူးယဉ်ဝါဒတို့ မရှိတော့ဘဲ ရင့်ကျက်လို့ နေပါပြီ။ အေသင်မှာတော့ ဆုတ်ခွာမှုဟာ ခရစ်မပေါ်မီ ဘီစီ ၄၀၄ ခုနဲ့ ပြန်လာမှုဟာ အဲဒီနောက်ပိုင်းမှာလို့ သူ သတ်မှတ်တယ်။ အင်္ဂလန်မှာတော့ ဆုတ်ခွာမှုဟာ အယ်လီဇဘက်ဘုရင်မကြီး လက်ထက်ကနေပြီး ၁၆၆၀ ပြည့်နှစ် ရက်စတိုးရေးရှင်း (Restoration) ခေတ်အထိ ပထမအဆင့်၊ ၁၆၆၀ ပြည့်နှစ်ကနေ ၁၈၆၀ ပြည့်နှစ်အထိ ဒုတိယအဆင့်လို့ သတ်မှတ်တယ်။

တီထွင်ဖန်တီးတဲ့ ဆုတ်ခွာမှုကို သတ်မှတ်ရာမှာ ပါမောက္ခ တွိုင်ဘီဟာ အင်္ဂလိပ် ယဉ်ကျေးမှုသမိုင်းကို ကြည့်ပြီး ခွဲထားတာဖြစ်တယ်။ အင်္ဂလန်ပြည်ရဲ့ တီထွင်ဖန်တီးတဲ့ ဆုတ်ခွာမှုအဆင့် အထီးတည်းနေတဲ့ အချိန်ကာလရဲ့ အားယူစအဆင့်ကို ပါမောက္ခ တွိုင်ဘီက ဒီလို ရေးခဲ့ပါတယ်။

'... ထိုအဆင့်၌ တော်ဝင်အသင်းကြီးကို တည်ထောင်နိုင်ခဲ့ခြင်း၊ ဂုဏ်ပြောင်သည့် ၁၆၈၈ တော်လှန်ရေးကြီး Glorious Revolution ကို ဆင်နွှဲနိုင်ခဲ့ခြင်း၊ မြောက်အမေရိကတိုက်ရှိ လူမျိုးများအား အင်္ဂလိပ်စကားပြောသော လူမျိုးများထဲသို့ ပေါင်းစည်း သိမ်းသွင်းနိုင်ခဲ့ခြင်း၊ ဂစ်ဗွန်း၏ 'ရောမနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးခြင်း' (Decline and Fall of the Roman Empire) သမိုင်းကျမ်းကြီး ထွက်ပေါ်လာခြင်း၊ ရေနွေးငွေ့ဖြင့် မောင်းသောစက်ကို တီထွင်နိုင်ခဲ့ခြင်း၊ ၁၈၃၂ ခု ပြုပြင်ရေးဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊ အိန္ဒိယအင်ပိုင်ယာကြီးကို တည်ထောင်နိုင်ခဲ့ခြင်း၊ ဒါဝင်၏ 'မျိုးနွယ်တို့၏မူလအစ' (Darwin: Origin of Species) ကျမ်းကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်သော

mgyoe.com

mgyoe.com SAMPLE BOOK

နည်းများ၏ ဗြိတိသျှ ဓနသဟာယစနစ်ကို တီထွင်ဖွဲ့စည်းနိုင်ခဲ့ခြင်း'... စသည်တို့ဟာ ပါမောက္ခ တွိုင်ဘီ ရေတွက်ပြတဲ့ အင်္ဂလန်ရဲ့ တီထွင်ဖန်တီးတဲ့ ဆုတ်ခွာမှု (အထီးကျန်နေမှု) တည်ဆောက်ရေးအဆင့်မှာ ရရှိခဲ့တဲ့ အောင်မြင်ချက်တွေ ဖြစ်ပါတယ်။

ဒီအောင်မြင်ချက်ကြီးတွေဟာ အင်္ဂလန်ရဲ့ (အထီးတည်းနေမှု) ကြောင့် ရရှိခဲ့တဲ့ အောင်မြင်ချက်ကြီးတွေ ဆိုတာဟာ ဟုတ်ပါ့မလား။ အင်္ဂလန်ဟာ ဒီလို ဆုတ်ခွာနေပြီးတဲ့နောက် ၁၉၁၄ ပထမကမ္ဘာစစ်ကြီး ဖြစ်လာတဲ့အခါကျမှသာ ဥရောပတိုက်ရဲ့ အရှုပ်အထွေးထဲကို ဆွဲသွင်းခံခဲ့ရပြီး ကမ္ဘာ့ဇာတ်ခုံမှာ ပြန်ရောက်လာတယ်လို့ ပါမောက္ခ တွိုင်ဘီက ရေးသွားပါတယ်။

ဒုတိယမြောက် ဖိလစ်ဘုရင်နဲ့ စစ်ဖြစ်ခဲ့ရတာ၊ ၁၄ ဆက်မြောက် လူဝီဘုရင်နဲ့ စစ်ဖြစ်ခဲ့ရတာ၊ နပိုလီယန်နဲ့ စစ်ဖြစ်ခဲ့ရတာ၊ ဒါတွေဟာ အင်္ဂလိပ်နဲ့ ဥရောပတိုက်ကြီး အဆက်ပြတ်နေတာ၊ ကမ္ဘာ့အရေးအခင်းတွေကနေ အင်္ဂလန်ပြည်ရဲ့ ဆုတ်ခွာမှုကို ပြနေတဲ့ သက်သေအထောက်အထားတွေ မဟုတ်ကြောင်းကို ကျွန်တော် အထက်မှာ ပြောခဲ့ပြီးပါပြီ။ ဒါကြောင့်မို့ အင်္ဂလန်ဟာ ၁၅၅၀ ပြည့်နှစ်ကနေ ၁၉၁၄ ခုနှစ်အထိ၊ ဒါမှမဟုတ် အနည်းဆုံး ၁၈၇၀ ပြည့်နှစ်အထိ ကမ္ဘာ့အရေးအခင်းများကနေ ဆုတ်ခွာနေခဲ့တယ်။ ဒါမှမဟုတ် အထီးတည်းနေခဲ့တယ်ဆိုတဲ့ အယူအဆဟာ လုံးဝ လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။

အင်္ဂလန်ဟာ အထီးတည်းနေခဲ့တဲ့အတွက်ကြောင့် ဂုဏ်ပြောင်တဲ့ တော်လှန်ရေးကြီးကို ဆင်နွှဲနိုင်ခဲ့တယ်လို့ ပါမောက္ခ တွိုင်ဘီက ရေးခဲ့တယ်။ ဆုတ်ခွာမှုကာလအတွင်းမှာ ရရှိခဲ့တဲ့ အောင်မြင်ချက်များစွာတို့အနက် ဂုဏ်ရောင်ပြောင်တဲ့ တော်လှန်ရေးကြီးလို့ခေါ်တဲ့ စက်မှုတော်လှန်ရေးကြီးဟာ ထူးခြားတဲ့ နမူနာပါပဲလို့ ပြောခဲ့တယ်။ တတိယမြောက် ဝီလျံနဲ့ ဒတ်ချ်လူမျိုးတွေ ဖြစ်ပွားတဲ့ စစ်ပွဲကို ပါမောက္ခ တွိုင်ဘီ မေ့သွားပြီလား။

ဒီနေရာမှာတော့ ပါမောက္ခ တွိုင်ဘီဟာ အင်္ဂလိပ်လူမျိုးကို အမွှမ်းတင်ရာမှာ သမိုင်းဆရာကြီး မကြောလေးတောင် လိုက်လို့မမီနိုင်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ပါကလား။ ဒီလို အလွန်အကျူး ဂုဏ်တင်တာဆိုလို့ ရန်ကေး Ranke နောက်မှာ ပါမောက္ခ တွိုင်ဘီပဲ ရှိပါသေးတယ်။ ဒီတုန်းက အင်္ဂလန်ရဲ့ ယဉ်ကျေးမှုဘဝကိုပဲ ကြည့်ဦးမလား။ ရိုတ်စပီးယားနဲ့ သူ့ခေတ်ပြိုင်တွေ အပေါ်မှာ အီတလီ ပြန်လည်ဆန်းသစ်ရေးခေတ်ရဲ့ သြဇာတွေ နက်ရှိုင်းစွာ မသက်ရောက်ခဲ့ဘူးလား။ အင်္ဂလိပ် ပျူရီတန် (Puritons) တွေနဲ့ မီလ်တန် (Milton) တို့ရဲ့အပေါ်မှာ ဥရောပသြဇာတွေ နက်ရှိုင်းစွာ မသက်ရောက်ဘူးလား။ ၁၆၆၀ နောက်ပိုင်းမှာ ပြင်သစ်တို့ရဲ့ သြဇာတွေ မသက်ရောက်ခဲ့ဘူးလား။ အပြန်အလှန်ပဲ အင်္ဂလိပ်သြဇာဟာလည်း ပြင်သစ်ယဉ်ကျေးမှု အပေါ်မှာ တိုက်ရိုက်သက်ရောက်ခဲ့တယ် မဟုတ်လား။ ၁၈ ရာစုနှစ် ဥရောပတိုက် အတွေးအခေါ်အပေါ်မှာ အင်္ဂလိပ်ရဲ့သြဇာ သက်ရောက်ခဲ့တယ် မဟုတ်လား။ တွိုင်ဘီက ဂစ်ဗွန်းကို ညွှန်းသွားတယ်။ ဒါပေမဲ့ ပြင်သစ် အတွေးအခေါ် မပါရင် ဂစ်ဗွန်းရယ်လို့ ဘယ်မှာ ဖြစ်လာနိုင်မှာတဲ့လဲ။ သမိုင်းဆရာ ဟာမွန်း (Hammond) ရေးတဲ့ ဂလက်စတုန်းနှင့် အိုင်းရစ်လူမျိုး Gladstone and Irish Nation ကျမ်းကို ဖတ်လိုက်ရင် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်တဲ့ ဂလက်စတုန်းဟာ ၁၉ ရာစု ဥရောပ အရေးအခင်း အသိပညာနယ်ပယ် ဘယ်လောက် အရေးပါတယ်ဆိုတာ တွေ့နိုင်ပါလိမ့်မယ်။

ဒီတော့ အဲဒီခေတ်အတွင်းမှာ အင်္ဂလိပ်ဟာ ပါမောက္ခ တွိုင်ဘီ ပြောသလို ဘယ်မှာ ဆုတ်ခွာသွားလို့လဲ။ ဘယ်မှာ အထီးတည်း ကေစာ ကျင့်နေလို့လဲ။

ပါမောက္ခ တွိုင်ဘီပြောသလို အင်္ဂလိပ်ဟာ 'ဆုတ်ခွာမှုနဲ့ ပြန်လာမှု' ပြီးတဲ့နောက်မှ (ကေစာကျင့်ရာကနေပြီး ကမ္ဘာ့အရေးကိစ္စထဲကို ပြန်လည် ဝင်ရောက်လာတော့မှ) ဆယ့်ကိုးရာစုနှစ် ဒုတိယပိုင်းကာလနဲ့ နှစ်ဆယ်ရာစု အစကျတော့မှ ဆုတ်ခွာစဉ် (ကေစာ ကျင့်ခဲ့စဉ်) ကာလက ရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေ တီထွင်ဖန်တီးမှုတွေကို အနောက်ယဉ်ကျေးမှု ထဲကို ဖြည့်ဆည်းပေးခဲ့တယ်ဆိုတဲ့ အချက်ဟာလည်း စဉ်းစားစရာပါပဲ။

အထက်မှာ ကျွန်တော် ပြောခဲ့သလို ဆယ့်ရှစ်ရာစုနှစ်တုန်းက အထီးတည်းမနေခဲ့ဘဲ 'ဆုတ်ခွာမှု' မပြုခဲ့ဘဲ ကမ္ဘာ့အရေးအခင်းထဲ မပါ

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်ခဲ့သလို ဆယ့်ကိုးရာစုနောက်ပိုင်းနဲ့ နှစ်ဆယ်ရာစုအစမှာလည်း ကမ္ဘာမှာ 'ပါလေရာ' ဖြစ်ခဲ့တဲ့အတွက် 'အင်္ဂလိပ်ဆန့်ကျင်ရေး' စိတ်ဓာတ်တွေ တဖွားဖွား ပေါ်ခဲ့ဖူးကြပါတယ်။ အလားတူ ပြောရမယ်ဆိုရင် 'ဆုတ်ခွာမှု' မပြုခဲ့ကြဘဲ ကမ္ဘာ့အရေးအခင်းထဲမှာ ပါဝင်ခဲ့တဲ့ တိုင်းပြည်တွေကတော့ (အထူးသဖြင့် ပြင်သစ်ပြည်) အနောက်ယဉ်ကျေးမှုကို တီထွင်ဖန်တီးတဲ့ ဖြည့်ဆည်းချက်တွေ မပြုခဲ့ကြဘူးလား။ ပြင်သစ်ပြည်ဆိုရင် ဆုတ်ခွာမှု မပြုသည့် အနောက်ယဉ်ကျေးမှုကို တီထွင်ဖန်တီးခဲ့တဲ့ ဖြည့်ဆည်းချက်တွေ မပြုခဲ့ကြဘူးလား။ ပြင်သစ်ပြည်ဆိုရင် ဆုတ်ခွာမှု မပြုသည့်တိုင် အနောက်ယဉ်ကျေးမှုကို အထောက်အကူပြုခဲ့တာတွေ တစ်ပုံကြီး ရှိပါတယ်။

ဒါကြောင့် 'တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၊ လူနည်းစုတစ်စုဟာ' ဆုတ်ခွာမှု ပြုတယ်။ (ကေစာကျင့်တယ်) ဒီအတွင်းမှာ သူ့ တီထွင်မှုစွမ်းအားတွေကို စုစည်းတယ်။ ပြီးတော့မှ 'ပြန်လာမှု' ပြုပြီးစ ကမ္ဘာ့နိုင်ငံများ၊ အခြားသူများနဲ့ ပြန်လည်ဆက်ဆံလာပြီး ယဉ်ကျေးမှုကို ဖြည့်စွမ်းထောက်ကူပေးခဲ့တယ်ဆိုတဲ့ ပါမောက္ခ တွိုင်ဘီရဲ့ သဘောတရားဟာ အဓိပ္ပာယ်မဲ့လွန်းပါတယ်။ ဒီအခန်းကို ရေးသားတဲ့ ပါမောက္ခ တွိုင်ဘီရဲ့ ကျမ်းစာမျက်နှာဟာလည်း စိတ်ကူးယဉ် ဆန်လွန်းလှကြောင်းပါ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# တိထွင်မှုအတွက် ဒဏ်ခတ်သော နတ်သမီး
# (တိုးတက်မှုအတွက် ဒဏ်ခတ်ခြင်း သဘောတရား)

ဒီအပိုင်းကတော့ ပါမောက္ခ တွိုင်ဘီရဲ့ 'သမိုင်းကို လေ့လာခြင်း' ကျမ်းကြီး အတွဲ ၄ အကြောင်းပါ။ ဒီအတွဲမှာ ယဉ်ကျေးမှုကြီးများ ပြိုကွဲမှု အကြောင်းကို ရေးထားပါတယ်။ ယဉ်ကျေးမှုကြီးများ ပြိုကွဲရခြင်းဟာ ယေဘုယျအားဖြင့် ပြင်ပအကြောင်းတရား၊ ပြင်ပအင်အားစုများကြောင့် မဟုတ်ဘူးလို့ သူ ယူဆပါတယ်။ ဒီအယူအဆကို ထူထောင်ဖို့ အဲဒီအတွဲမှာ ကြိုးစားထားပါတယ်။ အဲဒီအတွဲကို သေသေချာချာ လေ့လာလိုက်တဲ့အခါ ပါမောက္ခ တွိုင်ဘီဟာ သူ့သဘောတရားနဲ့ ကိုက်ညီအောင် အချက်အလက်တွေကို အတင်း ရိုက်သွင်းထားတာကို တွေ့ရပါတယ်။

သူက ယဉ်ကျေးမှုကြီးတွေထဲမှာ သေဆုံးသွားတဲ့ ယဉ်ကျေးမှုကြီး ဆယ့်ခြောက်ခုရှိတယ်လို့ ရေတွက်ပြခဲ့တယ်။ (သူ ရေတွက်ပြတဲ့ ယဉ်ကျေးမှုကြီး ၂၁ ခုထဲမှာ ၁၆ ခုက သေဆုံးသွားတယ်။ ၅ ခုပဲ ကျန်တယ်။ ဒီ့ပြင် ရပ်တန့်သွားတဲ့ ယဉ်ကျေးမှုကြီး (arrested civilization) ၅ ခုနဲ့ မထွန်းကားသေးခင်မှာ လျော့ကျ ပျက်စီးသွားတဲ့ ယဉ်ကျေးမှု (abortive civilization) ၄ ခုလည်း ရှိသေးတယ်လို့ ဆိုတယ်) သူ ရေတွက်ပြထားတဲ့ သေဆုံးသွားတဲ့ ယဉ်ကျေးမှု ၁၆ ခုကို ကြည့်လိုက်တော့ တော်တော်

mgyoe.com

mgyoe.com SAMPLE BOOK

များများဟာ သူ့စီရင်ချက် (ယဉ်ကျေးမှုတွေ ပြိုကွဲသွားရတာဟာ ပြင်ပ ပယောဂ အကြောင်းများကြောင့် မဟုတ်ဘူးဆိုတဲ့ အယူအဆနဲ့) မကိုက်ညီတဲ့ ယဉ်ကျေးမှုဆိုလို့ မရှိသလောက် ဖြစ်နေတယ်။

သူ့သဘောတရားကို သက်သေထူတဲ့နေရာမှာ ပါမောက္ခ တွိုင်ဘီက ဟစ်တိုက် (Hittite) ယဉ်ကျေးမှု၊ အာရေဗျ ယဉ်ကျေးမှု (Arabic) နဲ့ အမေရိကန် ယဉ်ကျေးမှုကြီးတွေဖြစ်တဲ့ အင်ကာ ယဉ်ကျေးမှု (Incas)၊ မက္ကဆီကန် ယဉ်ကျေးမှု (Mexican) နဲ့ ယသ်ကာတန် ယဉ်ကျေးမှု (Yucatan)၊ မာယာ ယဉ်ကျေးမှု (Mayan) တို့ကို ဥပမာပြသွားတယ်။ ဒါတွင် မကသေးဘူး၊ ကာလကြာမြင့်စွာကပင် ရပ်တန့်သွားခဲ့ပြီး ယခု သေဆုံးသွားပြီဖြစ်တဲ့ တူရကီယဉ်ကျေးမှု (Turkey) မထွန်းကားမီမှာ သားလျှော ပျက်စီးခဲ့ရပြီး ယခုသေဆုံးသွားပြီဖြစ်တဲ့ အိုင်းရစ်ယဉ်ကျေးမှုကြီး (Irish) တွေကိုလည်း ဥပမာပေးသွားပါသေးတယ်။

အင်ကာယဉ်ကျေးမှုကြီး ပြိုကွဲပျက်စီးရခြင်းဟာ ပြင်ပ ပယောဂတွေရဲ့ စွက်ဖက်မှုကြောင့်လို့ မကြာခဏ ကောက်နုတ် ရည်ညွှန်းခဲ့တဲ့ အကြောင်းကိုတော့ တွိုင်ဘီက ဝန်ခံထားပါတယ်။ ဒါပေမဲ့ စပိန်လူမျိုးတွေ ဝင်ရောက်တိုက်ခိုက်လို့ အင်ကာ နိုင်ငံတော်ကြီး ပျက်စီးသွားခြင်းကြောင့် အင်ကာ ယဉ်ကျေးမှုကြီး ပျက်စီးသွားရတာ မဟုတ်ဘူး။ ဒီနှစ်ခုဟာ တခြားစီဖြစ်တယ်လို့ သူက ပြောခဲ့တယ်။ သူက အင်ကာ လက်နက်နိုင်ငံကြီးဟာ (သူ တည်ဆောက်ပြတဲ့ ပုံစံအတိုင်း) အင်ကာယဉ်ကျေးမှု ပြိုကွဲမှုအဆင့်ထဲက 'ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်' အဆင့်တစ်ခုသာ ဖြစ်တယ်လို့ ပြောခဲ့တယ်။ (သူပြောတဲ့ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတော်ဆိုတာက သူ့သဘောတရားထဲမှာ ပါတဲ့ ယဉ်ကျေးမှု ပျက်စီးကျဆုံးတဲ့ အဆင့်ထဲက အကန့်တစ်ကန့်သာ ဖြစ်တယ်)

အဲဒီလို 'နေသာချိန်' (ယဉ်ကျေးမှု ပျက်စီးပြိုကွဲတဲ့အဆင့် အနည်းငယ် အသက်ရှူချောင်ချိန်) ပြီးတဲ့နောက်မှာ နောက်ဆုံးအဆင့်ဖြစ်တဲ့ ဆောင်းဥတုကို ရောက်လာတယ်လို့ သူ ယူဆတယ်။ ပါမောက္ခ တွိုင်ဘီက ရှေးဟောင်း သုတေသနသမားများ နောက်ဆုံး တူးဖော်ရရှိခဲ့တဲ့ ဟောစာတစ်ခုကို ကြည့်ပြီး အန်ဒိစ်ယဉ်ကျေးမှု (Andes) (အင်ကာယဉ်ကျေးမှု)

mgyoe.com